# မြဝတီ နေ့စဉ်

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၃၂၆)

၁၃၈၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်
၂၀၂၆ ခုနှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

**ဆောင်းပါး**



**နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)**

စာ - ၁၂ သို့

## အာကာသပြတိုက်(ရန်ကုန်)၌ အာကာသနည်းပညာအခြေခံနွေရာသီသင်တန်းဖွင့်လှစ်

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာကာသနည်းပညာနှင့်ပတ်သက်၍ အနာဂတ်မျိုးဆက်သစ်များမွေးထုတ်နိုင်စေရန် ရည်ရွယ်ဖွင့်လှစ်သည့် အခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံနွေရာသီသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ Grade-9၊ Grade- 10 နှင့် Grade-11 တို့မှ ကျောင်းသား၊ ကျောင်းသူ ၂၀၀ ဦး တက်ရောက်ပြီး သင်တန်းကို မတ်လ ၉ ရက်မှ **စာမျက်နှာ ၁၀ ကော်လံ ၅** ❐



**၉-၃-၂၀၂၆** **ထူးခြားသည့်နေ့အပူချိန်များ**

| | | | | |
|---|---|---|---|---|
| မန္တလေး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဆင်ဖြူကျွန်း | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |

**ယခုနှစ်အတွင်း တနင်္သာရီကမ်းရိုးတန်းပင်လယ်ရေပြင်၌ အရှေ့တောင်အာရှသုတေသနရေယာဉ်ဖြင့် ငါးသယံဇာတသုတေသနပြုလုပ်ငန်းများဆောင်ရွက်မည်**

စာ - ၁၀ သို့

**ပွင့်ဖြူမြို့နယ်၌စိုက်ပျိုးထားသော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး**

စာ - ၁၃ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ မတ် ၁၀ ရက်)

## နိုင်ငံတော်နှင့်တပ်မတော်အတွက်ဂုဏ်ယူဖွယ်

တပ်မတော်(ရေ)မှ ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းဖွင့်ပွဲအခမ်းအနား၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်များ၏ ရောခင်းမင်္ဂလာအခမ်းအနားနှင့် စစ်ရေယာဉ်များတပ်တော်ဝင်ခြင်းအခမ်းအနားများအား မတ်လ ၈ ရက် နံနက်ပိုင်းတွင် သန်လျင်တပ်နယ် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်း တည်ဆောက်ရေးအလုပ်ရုံနှင့် ရေတပ်ဆိပ်ခံတံတားတို့၌ ကျင်းပရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် **"ယနေ့သည် တပ်မတော်(ရေ)အတွက်သာမက မြန်မာနိုင်ငံတွင်ပါ စွမ်းဆောင်ရည်အရလည်းကောင်း၊ အရွယ်အစားအရလည်းကောင်း အကြီးမားဆုံးဖြစ်လာမည့် ရေတပ်သင်္ဘောကျင်းဌာနချုပ် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းကြီးကို အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သကဲ့သို့ ယခုဖွင့်လှစ်သည့် တန် ၄၀၀၀၀ ရေလုံလွန်းကျင်းတွင် ပထမဆုံးစတင်တည်ဆောက်မည့် စစ်ရေယာဉ်များ၏ ရောခင်းမင်္ဂလာအခမ်းအနားအပါအဝင် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် ဖရီဂိတ်စစ်ရေယာဉ်(သာလွန်မင်း)နှင့် မြစ်တွင်းသွားဘက်စုံသုံး စစ်ရေယာဉ်များကိုလည်း တပ်တော်ဝင်နိုင်မည်ဖြစ်ခြင်းကြောင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် ဂုဏ်ယူစရာကောင်းပြီး အားသစ်လောင်းသည့် နေ့တစ်နေ့ပင်ဖြစ်ကြောင်း"**ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ရေကြောင်းအကျိုးစီးပွားများသည် ပိုင်နက်ပင်လယ်အတွင်းသာမကဘဲ သီးသန့်စီးပွားရေးဇုန်ဖြစ်သည့် ကမ်းလွန်ပင်လယ်ပြင်အထိ ကျယ်ပြန့်စွာတည်ရှိနေသကဲ့သို့ မြန်မာ့ပင်လယ်ပြင်သည်လည်း ကမ္ဘာ့ကုန်သွယ်ရေကြောင်းရေယာဉ်ကြီးများ ဖြတ်သန်းသွားလာနေသည့် အဓိကရေလမ်းကြောင်းများအနက် တစ်ခုအပါအဝင်ဖြစ်ခြင်း၊ ကမ္ဘာ့ကုန်သွယ်ရေယာဉ်ကြီးများဝင်ထွက်ဆိုက်ကပ်နိုင်သည့်ဆိပ်ကမ်းကောင်းများနှင့် ရေနက်ဆိပ်ကမ်းများရှိခြင်းတို့ကြောင့် နိုင်ငံတော်၏ရေကြောင်းအကျိုးစီးပွားအတွက် အလွန်အရေးပါလျက်ရှိသည်။

ထို့ကြောင့် ရေကြောင်းအကျိုးစီးပွားများဖြစ်သည့် ပင်လယ်ပြင်မှစွမ်းအင်အကျိုးစီးပွားများ၊ ငါးသယံဇာတများ၊ ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်းကြီးများ၊ ရေကြောင်းကုန်သွယ်မှုများနှင့် ရေနက်ဆိပ်ကမ်းကြီးများအား အမျိုးသားအကျိုးစီးပွားအတွက် ထိရောက်စွာအသုံးချနိုင်စေရန် စွမ်းရည်ထက်မြက်၍ အင်အားတောင့်တင်းသောရေတပ်ထူထောင်ထားရှိရမည်ဖြစ်သည်။ အနာဂတ်တပ်မတော်(ရေ)အတွက် လိုအပ်သည့်စစ်ရေယာဉ်များ ကိုယ်တိုင်တည်ဆောက်/ပြုပြင်နိုင်ရန်အပြင် နိုင်ငံတော်၏အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် အရပ်ဘက်ကုန်တင်ရေယာဉ်ကြီးများ တည်ဆောက်/ပြုပြင်နိုင်သည်အထိရည်သန်၍ ရေလုံလွန်းကျင်းကြီး တည်ဆောက်နိုင်ရေးကိုဆောင်ရွက်ခဲ့သည်။ ပထမအဆင့်စီမံကိန်းအား ၁၉၉၈ ခုနှစ်မှ ၂၀၀၂ ခုနှစ်အထိလည်းကောင်း၊ ဒုတိယအဆင့်စီမံကိန်းအား ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိလည်းကောင်း အောင်မြင်စွာတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီး စစ်ရေယာဉ်များ၊ ဌာနဆိုင်ရာပုဂ္ဂလိကရေယာဉ်များအား တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်။ တတိယအဆင့်စီမံကိန်းအား ၂၀၁၉ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ တတိယအဆင့်စီမံကိန်းတည်ဆောက်မှုအား ဂုဏ်ယူဖွယ်ရာ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းဖြစ်သည်။

တပ်မတော်(ရေ)တွင် အရွယ်အစားကြီးမားသည့် ဖရီဂိတ်စစ်ရေယာဉ်ကြီးများကို ပြည်တွင်း၌ပင် ကိုယ်တိုင်တည်ဆောက် တပ်တော်ဝင်နိုင်ခဲ့ခြင်းကြောင့် တပ်မတော်၏နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာဖြစ်စေခဲ့သည့်အပြင် မြန်မာ့ရေပြင်ပိုင်နက်စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့သည်။ တပ်မတော်(ရေ)အနေဖြင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများကို ၁၉၆၀ ပြည့်နှစ်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် တည်ဆောက်ရေးအတွေ့အကြုံကောင်းများရှိပြီးဖြစ်သည်။ သို့သော် ယနေ့ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်နေသည့်ရေယာဉ်တည်ဆောက်ရေးနည်းစနစ်များကိုလည်း မျက်ခြည်မပြတ်လေ့လာသင်ယူပြီး အသုံးချနိုင်ရေး တစိုက်မတ်မတ်ကြိုးစားအားထုတ်သွားရမည်ဖြစ်သည်။

ရေယာဉ်ဗိသုကာနှင့် ရေယာဉ်တည်ဆောက်ရေးလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပခုံးပြောင်းတာဝန်ထမ်းဆောင်ကြမည့် တပ်မတော်(ရေ) မျိုးဆက်သစ်အရာရှိ၊ စစ်သည်များကိုလည်း ကောင်းမွန်သည့်အစဉ်အလာကောင်းများလက်ဆင့်ကမ်းပေးသွားရန်၊ မြန်မာ့ပင်လယ်ပြင်နှင့် ပင်လယ်ပြင်အကျိုးစီးပွားများကို ကာကွယ်ရေးအတွက် ပေးအပ်သည့်တာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ရင်း တပ်မတော်၏ ကောင်းမြတ်သည့်အစဉ်အလာများကို အသက်နှင့်ထပ်တူထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူလက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေးတည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ်မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင်ဆောင်ရွက်ရေး။

## စစ်ကိုင်းမြို့နယ်၌ စိုက်ပျိုးထားသော မတ်ပဲများ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော မတ်ပဲများ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မတ်ပဲသီးနှံ ၁၆၇၅ ဧကအထိစိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသောမတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်၍ ရိတ်သိမ်းကြရာ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၁၇ ဒသမ ၆၇ တင်းထွက်ရှိကြောင်း သိရသည်။

"စိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာလည်း လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလည်း မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့တယ်"ဟု စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

စစ်ကိုင်းမြို့နယ်တွင် မတ်ပဲသီးနှံစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ပဲမျိုးစုံသီးနှံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်ရေးအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်း စသည်တို့ကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ပေးကြောင်းသိရသည်။

(၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၃-၂၀၂၆(အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | နှလုံးသားဝယ် ဘုရားတည် | ၄။ | ၁၆:၀၀ | တပ်မတော်စာတိုက်ခန်း |
| ၂။ | ၁၁:၅၀ | လှပကျန်းမာ | ၅။ | ၁၇:၀၀ | ထင်ရှားကျော်ကြား ပုဂ္ဂိုလ်များ |
| ၃။ | ၁၄:၅၀ | Speech On Air | ၆။ | ၂၁:၂၀ | Memory Box |


the Myawady Daily မြဝတီ နေ့စဉ်

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# တွံတေးမြို့နယ်၌ အခြေခံပန်းချီ ကာတွန်းရုပ်ပုံရေးဆွဲနည်းသင်တန်းဖွင့်လှစ်



ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ကျောင်းပညာရပ်များတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အခြေခံပန်းချီ ကာတွန်းရေးဆွဲနည်းသင်တန်းကို မတ်လ ၉ ရက်တွင် ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် သင်တန်းနည်းပြဆရာ ဦးဝင်းထွဋ် (ဝင်းထွဋ်ဦး)က ပန်းချီရေးဆွဲသည့် အခြေခံဖြစ်သော မျဉ်းကွေး၊ မျဉ်းဖြောင့်၊ စက်ဝိုင်း၊ တြိဂံပုံများ၊ လူရုပ်အခြေခံ၊ တိရစ္ဆာန်အခြေခံရေးဆွဲနည်းများ၊ အခြေခံတည်ဆောက်ရေးဆွဲနည်း အကြောင်းအရာများနှင့် ဆေးရောင်စပ်နည်း၊ ဆေးရောင်ခြယ်နည်းများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ တွံတေးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး သင်တန်းကို မတ်လ ၉ ရက်မှ ၂၈ ရက်အထိ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# ရေးမြို့ မြသီတာဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲကျင်းပ



ရေး မတ် ၉

မွန်ပြည်နယ် ရေးမြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ မတ်လ ၈ ရက်က မြသီတာဈေးကြီးအတွင်း၌ ဈေးတာဝန်ခံ၊ ဈေးသူ၊ ဈေးသားများနှင့်အတူ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဇာတ်တိုက်လေ့ကျင့်မှုသရုပ်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ရေးမြို့နယ်မီးသတ်ဦးစီးဌာန လက်ထောက်မီးသတ်ဦးစီးမှူး ဦးရဲကောင်းထက်က မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရန် ကြိုတင်ကာကွယ်ရမည့်အချက်များ၊ မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်အချက်ပေးခြင်းနှင့် မီးငြိမ်းသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့ကိုရှင်းလင်းပြောကြားပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးစနစ်တကျကိုင်တွယ်အသုံးပြုပုံကို လက်တွေ့သရုပ်ပြသပေးကာ ဈေးကော်မတီဝင်များ၊ ဈေးသူ/ဈေးသားများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့်အတူ ဇာတ်တိုက်လေ့ကျင့်မှုများဆောင်ရွက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဈေးကြီးအတွင်း ဈေးဆိုင်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး စီမံဆောင်ရွက်ထားရှိမှုများနှင့် အရေးပေါ်မိန်းခလုတ်များအား ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ရန် မှာကြားသည်။

အဆိုပါသရုပ်ပြပွဲသို့ ရေးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးလွင်နှင့် မြို့နယ်လျှပ်စစ်ဦးစီးမှူး ဦးကျော်စိုးထိုက်တို့ တက်ရောက်ကြကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

# သံတောင်ကြီးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေး

သံတောင်ကြီး မတ် ၉

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကျောက်တံခါး(လယ်+အောက်)ကျေးရွာ၌ မတ်လ ၉ ရက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ဆောင်ရွက်သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့် ဝန်ထမ်းများက ကျောက်တံခါး(လယ်+အောက်)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း အဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူသုံးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခြောက်ဦး စုစုပေါင်းအသင်းသား ၇၃ ဦးအတွက် ငွေကျပ် သိန်း ၄၄၀ ကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ကိုသက်**

# မင်းရဲ သင်းတွဲ နွားတက်မြောင်းရေများဖြင့် နွေနှမ်းနှင့် နွေစပါးဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုး

ကျောက်ဆည် မတ် ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ်၌ မင်းရဲ၊ သင်းတွဲ၊ နွားတက်မြောင်းရေများဖြင့် ကျေးရွာအုပ်စု ၁၂ အုပ်စု၌ နွေနှမ်းနှင့် နွေစပါးဧက ၆၀၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မင်းရဲမြောင်းရေဖြင့် တောင်နောက်ကျေးရွာအုပ်စု၌ နွေနှမ်း ၃၀၂ ဧက၊ နွေစပါးဧက ၁၄၀၊ သင်တောင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၇၇ ဧက၊ နွေစပါး ၄၃၇ ဧက၊ အင်ဒိုင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၄၇ ဧက၊ နွေစပါး ၃၇၈ ဧက၊ ကြက်မင်းတွန်ကျေးရွာအုပ်စု၌ နွေနှမ်း ၂၄ ဧက၊ နွေစပါး ၁၀ ဧက၊ ဖောင်ရွာကျေးရွာအုပ်စု၌ နွေနှမ်းကိုးဧက၊ နွေစပါး တစ်ဧက၊ သင်းတွဲမြောင်းရေဖြင့် ပတ္တာကျေးရွာအုပ်စု၌ နွေနှမ်း ၈၈ ဧက၊ နွေစပါးဧက ၄၃၀၊ ပင်တလယ်ကျေးရွာအုပ်စု၌ နွေနှမ်း ၂၈၁ ဧက၊ နွေစပါး ၅၇၃ ဧက၊ နွားတက်မြောင်းရေဖြင့် ပတ္တာကျေးရွာအုပ်စု၌ နွေနှမ်း ၉၁ ဧက၊ နွေစပါး ၂၂၁ ဧက၊ ပြည်ပန်းကျေးရွာအုပ်စု၌ နွေနှမ်း ၂၃၉ ဧက၊ နွေစပါး ၁၈၅ ဧက၊ သမန္တလင်းကျေးရွာအုပ်စု၌ နွေနှမ်း ဧက ၈၂၀၊ မြင်းကဘက်ကျေးရွာအုပ်စု၌ နွေနှမ်း ၃၇၉ ဧက၊ နွေစပါးဧက ၄၀၊ မုန့်ပေါင်းကျေးရွာအုပ်စု၌ နွေနှမ်း ၃၈၃ ဧက၊ နွေစပါးဧက ၂၀၊ လက်ပံဇင်ကျေးရွာအုပ်စု၌ နွေနှမ်း ၃၀၁ ဧက၊ နွေစပါး ၁၂ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

နွေနှမ်းနှင့်နွေစပါးများ စိုက်ပျိုးနိုင်ရေး မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ မြေပြင်၊ ပျိုးထောင်ကာ စိုက်ပျိုးရေများ ပြည့်ဝစွာပေးဝေလျက်ရှိပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြေ၊ မျိုး၊ ပိုး တာဝန်ခံများကလည်း သီးနှံများ အောင်မြင်ဖြစ်ထွန်းရေး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ကြံခင်းမြို့နယ်၌ ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ



ကြံခင်း မတ် ၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဒေါ်ရီရီထွန်း၏ပြောကြားချက်အရ သိရသည်။

ကြံခင်းမြို့နယ်၌ ယခုနှစ် မတ်လပထမပတ်မှစ၍ လက်ရှိအချိန်ထိ ငါးသလောက်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ လက်ရှိ အဆိုပါငါးသလောက်များ တစ်ရက်လျှင် ပိဿာ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်ကလည်း လတ်ဆတ်မှုနဲ့ အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလည်း ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ငါးသလောက်တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် တခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ဒေါ်ရီရီထွန်းက ပြောသည်။

ကြံခင်းမြို့နယ်၌ အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးသလောက်များသည် အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုးသတ်မှတ်ထားကြောင်း သိရသည်။

**သုတကျော်**

# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

သက်သက်က တိုးတိုးလေးမေးသော်လည်း အမာညိုက သူ့လက်ချောင်းလေးများကိုချိုးကာ ရက်တွက်ရင်း အထိတ်တလန့်ဖြင့် အကျယ်ကြီးဖြေလေသည်။ ပေါက်ကျိုင်းက မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် စုံကုတ်ရင်း 'ဒါဆိုရင် ဒါဆိုရင်'ဟု အထစ်ထစ်အငေါ့ငေါ့ ပြောနေသည်။

'ဟယ် မိသက်ရယ်၊ ငါ ဗိုက်ကြီးပူလာရင် ဒုက္ခပဲ၊ ငါရှက်တယ်ဟဲ့'

အမာညိုက ထင်မိထင်ရာပြောချလိုက်သောအခါ ညီလင်းသည် သူ့မျက်နှာကြီးနှစ်ဆမျှ ပွထသွားသည်ဟု ထင်လိုက်မိသည်။

ထို့နောက် စုလှိုင်ကို ချက်ချင်းပြေးပြီးသတိရသည်။ စုလှိုင်များ အမာညိုလိုဖြစ်နိုင်လေမလားဟု စဉ်းစားရင်း တုန်လှုပ်လာသည်။

ပေါက်ကျိုင်းနှင့် အမာညိုတို့သည် တစ်ဦးကိုတစ်ဦးကြည့်ရင်း ရယ်မလို ငိုမလိုဖြစ်နေကြသည်။ ထို့နောက် ညီလင်းညို၏ရှေ့တွင်မို့ ဆင်ခြင်ရန်ပင် မစဉ်းစား၊ အမာညိုသည်ပေါက်ကရပြောတော့သည်။

'ကလေးတော့ လိုချင်ပါတယ်ဟယ်၊ ဒါပေမဲ့ ဗိုက်ကြီးပူမလာချင်ဘူး၊ ဗိုက်ပူကြီးနဲ့ဆို ကော့လန်ကော့လန်နဲ့ သိပ်အရုပ်ဆိုးတာဟဲ့၊ ဒုက္ခပါပဲ၊ သူများကို ဗိုက်ခဏပေးထားပြီး အစားပူခိုင်းထားရင် ကောင်းမယ်၊ မွေးပြီးမှ ပြန်ယူမယ်လေ'

■ ■ ■ ■ ■

စုလှိုင်၏ဘေးတွင် စီးကရက်တိုလေးများကျဲပြန့်နေသည်။ ပါးစပ်ထဲတွင် စီးကရက် မီးခိုးရိုက်ကာ ပူလောင်စပ်ခါးနေသော်လည်း တစ်လိပ်ပြီးတစ်လိပ် မီးဆက်၍ညှိနေလေသည်။ တဖြည်းဖြည်းလွင့်တက်သွားသော မီးခိုးများကို ကြည့်ရင်း သူ့စိတ် သူ့အာရုံသည်လည်း မီးခိုးများလို တလွင့်လွင့်ဖြစ်သွားလေသည်။

'က ကညစ်ပေမှာခြစ်၊

ခ ခရာ အသံသာ'

ထွန်း၏ စာကျက်သံကိုကြားရသည်။ ကျောင်းစထားသည်မှာ တစ်ပတ်ခန့်သာရှိသေးသော်လည်း စာအတတ် မြန်လှလေသည်။

'ယုန်ကလေးက နားရွက်ထောင်၊

ပညာရှိယောင်ယောင်၊

ကြောင်ကလေးက လက်သည်းဗုက်၊

ချောင်းလိုက်ရတဲ့ ကြွက်'

စုလှိုင်သည် စိတ်ပါလက်ပါဆိုနေသော အသံလေးကို နားထောင်ရင်း သူငယ်စဉ်ဘဝကိုသတိရမိသည်။ စုလှိုင်ကျောင်းနေစက ကျောင်းမှသင်ခဲ့ရသော ကဗျာလေးများကို ရွတ်ဆိုပြချင်လွန်း၍ ရွတ်ပြသော်လည်း အရေးစိုက်နားထောင်မည့်သူမရှိခဲ့ချေ။ ထွန်းသည်လည်း သူ့လိုပင် ဒက်ဒီရှေ့တွင်ရပ်ရင်း ဟန်အမူအရာလေးဖြင့်ရွတ်ဆိုပြချင်လိမ့်မည်ဟု စုလှိုင်သည် ပထမဆုံးအကြိမ် စာနာမှုနှင့်တွေးလိုက်မိသည်။ သို့သော် သူမရခဲ့သော ပျော်ရွှင်ချမ်းမြေ့မှုကို ထွန်းကိုလည်း မရစေလိုသောစိတ်က စာနာမှုအပေါ်တွင် လေးလံစွာ ဖိစီးထားလေသည်။

'စု၊ စုလှိုင်၊ အိပ်နေလား'

မအေးတင်က အခန်းတံခါးကိုခေါက်၍ တိုးတိုးခေါ်သည်။ စုလှိုင်သည် ပြန်မဖြေဘဲနေမည် စိတ်ကူးမိသော်လည်း ဘာကိစ္စများရှိပါလိမ့်ဟု တွေးမိသော

**"ကျော်ထွန်းညိုသည် မာနရောင်၊ သံသယရောင်များ လျှံထွက်နေသော မျက်နှာလုလုလေးကို စိတ်မကောင်းသလို အငေးသားကြည့်နေမိသည်။ တစ်ချိန်တစ်ခါက သူ့နှလုံးသားကိုပုတ်ခတ်ကစားခဲ့သော မိန်းကလေးဆီသို့ ညီငယ်နှင့်ပတ်သက်ပြီး ရောက်လာရပြန်ချေပြီ။ 'စုလှိုင်ကိုချစ်တယ်'ဟု ပြောခဲ့သော နှုတ်ခမ်းသားများကပင် 'ညီလင်းကို မချစ်ဘူးလား စုလှိုင်'ဟု မေးရချေဦးမည်. . ."**

ကြောင့်ထူးလိုက်သည်။

'ဘာလဲ မအေးတင်'

'ဧည့်သည်လာနေတယ်'

'ဘယ်သူတဲ့လဲ'

'ကျော်ထွန်းညိုတဲ့'

စုလှိုင်သည် ဘာမှပြန်မပြောတော့ဘဲ ခေတ္တမျှငြိမ်နေသေးသည်။ မအေးတင်သည် အခန်းဝတွင်ရပ်ရင်း အဖြေစောင့်နေလေသည်။ စုလှိုင်သည် သူ့လက်ထဲမှ စီးကရက်တိုကို အခန်းထောင့်သို့ မီးမသတ်ဘဲ ပစ်လွှတ်လိုက်ပြီး သက်ပြင်းရှိုက်လိုက်သည်။

'လာခဲ့မယ်လို့ပြောလိုက်လေ'

ကျော်ထွန်းညိုသည် စုလှိုင်ဆီသို့ တစ်ခါမျှလာဖူးသူမဟုတ်ပေ။ တယ်လီဖုန်းဖြင့် အဆက်အသွယ်ပြုဖူးသော်လည်း အိမ်သို့လာရန် စုလှိုင်ကလည်း တစ်ခါမျှ မဖိတ်ဖူးချေ။ သူကလည်း လာရန်မကြိုးစားခဲ့ပေ။ ယခု မလာစဖူး အလာထူးပုံကို ထောက်လျှင် ညီလင်းညို၏ကိစ္စပင်ဖြစ်ရပေမည်ဟု စုလှိုင် အပ်ကျမပ်ကျ တွေးမိလေသည်။

'ကိစ္စရှိလို့လား ကိုကျော်ထွန်းညို'

စုလှိုင်သည် ဧည့်ခန်းထဲသို့ ခြေလှမ်းဖွဖွလေးဖြင့်လှမ်းဝင်သွားပြီး ခပ်တိုးတိုးမေးလေသည်။ သူ့ကို စူးစိုက်အကဲခတ်နေဟန်ရှိသော ကျော်ထွန်းညို၏မျက်လုံးအစုံကို ခပ်ရဲရဲပင် ရင်ဆိုင်ပြီးပြန်ကြည့်လေသည်။

'ကျွန်တော် ညီလင်းဆီက သိရတယ်'

'အကုန်လား'

'အင်း သူအကုန်ပြောပြတယ်'

စုလှိုင်၏ပါးပြင်လေးများသည် ရဲတက်လာသော်လည်း ခေါင်းကို လုံးဝငုံ့မပစ်ပေ။ ပို၍ပင် မော့လိုက်ပြီး မျက်တောင်များ မေ့စင်းကာ နှုတ်ခမ်းနှစ်လွှာကို ခပ်တင်းတင်းဖိပြီး စေ့ထားလိုက်သည်။

'သူ အဲ ညီလင်းလည်း တော်တော်လေး စိတ်မကောင်းဖြစ်နေပါတယ် စုလှိုင်'

'ကိုကျော်ထွန်းညိုတို့ ညီအစ်ကိုတွေက တယ်ပြီးရှေ့နေငှားကြတာပဲနော်'

'ဟာ ဗျာ'

'အစ်ကို့ကိစ္စတုန်းက ညီကဝင်ရှုပ်၊ ညီရဲ့ကိစ္စကျတော့ အစ်ကိုကဝင်ရှုပ်'

စုလှိုင်က သရော်သလိုပြောသည်။ ညီလင်းညိုကိုယ်တိုင်ရောက်လာပြီး သူ့ကို နူးညံ့ကြင်နာစွာ ချော့မော့ပြောဆိုသည်ကို မသိစိတ်က မျှော်လင့်တောင့်တနေမိသည်။ ထိုသို့သာဆိုလျှင် စုလှိုင်၏တစ်ကိုယ်လုံးကိုဖုံးအုပ်နေသော မာနအစိုင်အခဲကြီးသည် အတန်ငယ်မျှ အရည်ပျော်ကောင်းပျော်နိုင်မည်ဖြစ်သည်။

'သူဖုန်းဆက်တုန်းက စုက ဖုန်းချပစ်ခဲ့တော့ သူနဲ့တွေ့ချင်မှာမဟုတ်ဘူးတဲ့'

ကျော်ထွန်းညိုသည် မာနရောင်၊ သံသယရောင်များ လျှံထွက်နေသော မျက်နှာလုလုလေးကို စိတ်မကောင်းသလို အငေးသားကြည့်နေမိသည်။ တစ်ချိန်တစ်ခါက သူ့နှလုံးသားကို ပုတ်ခတ်ကစားခဲ့သော မိန်းကလေးဆီသို့ ညီငယ်နှင့် ပတ်သက်ပြီး ရောက်လာရပြန်ချေပြီ။ 'စုလှိုင်ကိုချစ်တယ်'ဟု ပြောခဲ့သော နှုတ်ခမ်းသားများကပင် 'ညီလင်းကို မချစ်ဘူးလားစုလှိုင်'ဟု မေးရချေဦးမည်။

'ဖုန်းတစ်ခါဆက်လို့၊ တစ်ခါချပစ်ရုံနဲ့ လက်လျှော့သွားတာပဲလားလို့ ညီလင်းညိုကို ပြောစမ်းပါ'ဟုပြောချင်လှသော်လည်း စုလှိုင်သည် မပြောမိအောင် သူ့ပါးစပ်ကို သူ တင်းတင်းစေ့ထားလေသည်။ သူနှင့်တွေ့သမျှ၊ ကြုံသမျှ လူများက သူ့ကို ရှုံးမတတ်စွဲလမ်းခဲ့လေသမျှ ညီလင်းညိုနှင့်ကျမှခံရသည်။ 'ချစ်တယ်၊ ချစ်တယ်'ဟု အငမ်းမရပြောရမည့်အချိန်၌ပင် 'မချစ်ဘူးထင်တယ်'ဟုသာ ထပ်တလဲလဲပြောသွားခဲ့သည်။ မာကျောပြီး အေးခဲနေသော စုလှိုင်၏နှလုံးသားအစုံကို မခံချင်စိတ်များ ပွက်ပွက်ဆူလာအောင် ပြုလုပ်ခဲ့လေသည်။

'အခုလည်း ညီလင်းပါတယ် စုလှိုင်၊ သူ ခြံပြင်မှာနေခဲ့တာပါ၊ ကျွန်တော်တို့နှစ်ယောက် တူတူလာတာပါ'

'သူ စုနဲ့ မျက်နှာချင်းမဆိုင်ရဲဘူးလား'

'ကျွန်တော် ခေါ်လိုက်ရမလား'

စုလှိုင်သည် ဘာမျှပြန်မပြောဘဲ စားပွဲပေါ်မှပန်းအိုးလေးကိုသာ စူးစူးရဲရဲစိုက်ကြည့်နေလေသည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံရာရောက်သည်ကို ကျော်ထွန်းညို သိလိုက်သည်။ ထို့ကြောင့် ခြံပြင်မှ ညီလင်းဆီသို့ ခပ်သွက်သွက်ပြန်ထွက်ခဲ့သည်။ **ဆက်လက်ဖော်ပြပါမည်။**

## သဃ်န်းကျွန်းမြို့နယ်လုံးဆိုင်ရာ သတ္တမအကြိမ် ဂိုဏ်းပေါင်းစုံသာသနပါလစာမေးပွဲ (ပထမနေ့)စတင်ကျင်းပ

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် သံဃနာယကအဖွဲ့မှ ကြီးမှူးကျင်းပသည့် သတ္တမအကြိမ် ဂိုဏ်းပေါင်းစုံသာသနပါလစာမေးပွဲကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီးရင်ပြင်တော် စနေထောင့် မင်္ဂလာမဏ္ဍပ်နေရာ၌ မတ်လ ၈ ရက်မှ ၁၂ ရက်ထိ ငါးရက်တိုင် ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် စာဖြေသံဃာ၊ သာသနာ့နွယ်ဝင်သီလရှင် ၄၉၀ ပါး ဝင်ရောက်ဖြေဆိုကြပြီး အောင်လက်မှတ်နှင့်စာအောင်ဆု ဆက်ကပ်လှူဒါန်းခြင်းကို မတ်လ ၂၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။

စာအောင်ဆုများအား ငွေကျပ် တစ်သိန်းမှ သုံးသောင်းကျပ်အထိ ဆက်ကပ်လှူဒါန်းမည်ဖြစ်ရာ စေတနာရှင်ကုသိုလ်ရှင်များအနေဖြင့် ကျိုက္ကစံဆံတော်ရှင် စေတီတော်မြတ်ကြီး ရင်ပြင်တော်အလှူငွေလက်ခံရေးဌာန၌ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

အဆိုပါ သတ္တမအကြိမ် ဂိုဏ်းပေါင်းစုံသာသနပါလစာမေးပွဲဖြေဆိုမှုကို စေတီတော်ဂေါပကအဖွဲ့၊စေတနာရှင်ကုသိုလ်ရှင်များက လှူဒါန်းမှုများနှင့် ဝေယျာဝစ္စကိစ္စရပ်များ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ဇော်မိုး(သဃ်န်းကျွန်း)**

## အကြိုအခြေခံမီးသတ်သင်တန်း(အရာရှိ) အမှတ်စဉ်(၁/၂၀၂၆ )သင်တန်းဖွင့်

မြိတ် မတ် ၉



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်မြိတ်မြို့နယ်မီးသတ်ဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော အကြိုအခြေခံမီးသတ်သင်တန်း(အရာရှိ) အမှတ်စဉ် (၁/၂၀၂၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၉ ရက်တွင် မြိတ်မြို့ မြစ်ငယ်ရပ်ကွက် ဗဟိုလမ်းရှိ ခရိုင်မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားသို့ မြိတ်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးအာကာအောင်၊ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဇော်အောင်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဗိုလ်မှူးအာကာအောင်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးနိုင်ဇော်အောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်ခရိုင်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းက သင်တန်းသားများကိုယ်စားသင်တန်းသားတစ်ဦးအား သင်ရိုးညွှန်းတမ်းစာအုပ်များပေးအပ်သည်။

သင်တန်းတွင် အရန်မီးသတ်တပ်ဖွဲ့အရာရှိများအနေဖြင့် မီးသတ်လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာလုပ်ငန်းများကိုသိရှိပြီး ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန်၊ မိမိတပ်ဖွဲ့ကိုဦးစီးဦးဆောင်ပြုရာတွင် ခေါင်းဆောင်မှုအခြေခံမှုများနှင့် အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန်၊ မီးသတ်တပ်ဖွဲ့ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ကျင့်ဝတ်စည်းကမ်းများသိရှိပြီး လူမှုဆက်ဆံရေးများ ပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မြိတ်မြို့နယ်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်အရာရှိသင်တန်းသား ၃၅ ဦး တက်ရောက်ကြပြီး သင်တန်းကို မတ်လ ၉ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**

# ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၊ ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၂ မှုကို ရွေးကောက်ပွဲခုံအဖွဲ့ (၁)နှင့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) တို့ဖြင့် စတင်ကြားနာစစ်ဆေး

နေပြည်တော် မတ် ၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း (၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်တွင် လည်းကောင်း၊ အပိုင်း(၃)ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်တွင်လည်းကောင်း အောင်မြင်စွာကျင်းပပေးခဲ့ပြီး ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့် အပိုင်း(၂)အတွက် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ပုဒ်မ ၆၈ နှင့် နည်းဥပဒေ ၁၁၂ တို့အရ တင်သွင်းလာသည့်ကန့်ကွက်လွှာအမှု ၂ မှုကို ယနေ့ စတင်ကြားနာစစ်ဆေးသည်။

ယင်းအမှုများကို ကြားနာစစ်ဆေးနိုင်ရန် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ (က) (၁) အရ ၂၃-၂-၂၀၂၆ ရက်စွဲပါ အမိန့်အမှတ်၊ ၁/၂၀၂၆ နှင့် အမိန့်အမှတ်၊ ၂/၂၀၂၆ တို့ဖြင့် ကော်မရှင်အဖွဲ့ဝင် တစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ကျန်ကော်မရှင်အဖွဲ့ဝင် နှစ်ဦးပါဝင်သော ရွေးကောက်ပွဲခုံအဖွဲ့(၁)နှင့် ရွေးကောက်ပွဲခုံအဖွဲ့(၂)တို့ကို ဖွဲ့စည်းခဲ့သည်။

ယနေ့တွင် ရွေးကောက်ပွဲခုံအဖွဲ့(၁)က ကန့်ကွက်လွှာအမှုအမှတ် (၁/၂၀၂၅)၊ လျှောက်ထားသူ ဒေါက်တာကောင်းထက်ခိုင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီ)နှင့်လျှောက်ထားခံရသူ ဦးပေါင်ဇလန်း(ဇိုမီးအမျိုးသားပါတီ)အမှုကိုလည်းကောင်း၊ ရွေးကောက်ပွဲခုံအဖွဲ့ (၂)က ကန့်ကွက်လွှာအမှုအမှတ် (၂/၂၀၂၅)၊ လျှောက်ထားသူဦးဝင်းကြူ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)နှင့် လျှောက်ထားခံရသူ ဦးခိုင်ဦး (ပြည်သူ့ပါတီ) အမှုကိုလည်းကောင်း စတင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။

မြဝတီ

# မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ဆင်သေရေလှောင်တမံ အခိုင်အမာပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ မတ်လ ၇ ရက်က မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် မယ်ဇလီကျင်းကျေးရွာအနီးရှိ ဆင်သေရေလှောင်တမံ အခိုင်အမာပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ကြည့်ရှုစဉ် တာဝန်ရှိသူများက ဆင်သေရေလှောင်တမံ ပြန်လည်ပြုပြင်မည့် ဒီဇိုင်းပုံစံများ၊ လအလိုက်ဆောင်ရွက်ရန် လျာထားမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေလှောင်တမံပြန်လည်ပြုပြင်ရာတွင် ပိုမိုခိုင်ခံ့ပြီး ရေရှည်လုံခြုံစိတ်ချနိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများအတိုင်း အရည်အသွေးပြည့်မီရေး၊ အချိန်မီပြီးစီးရေး အထူးအလေးထားဆောင်ရွက်ကြရန်၊ ရေလှောင်တမံနှင့် ရေပိုလွှဲတို့၏ ကြံ့ခိုင်ရေးကို Dam Monitoring စောင့်ကြည့်တိုင်းတာစစ်ဆေးမှုများ အမြဲမပြတ် ဆောင်ရွက်ကြရန်နှင့် နွေစပါးအပါအဝင် အခြားနွေသီးနှံ လျာထားစိုက်ဧကများ အတိုင်း လုံလောက်စွာ စိုက်ပျိုးရေပေးဝေနိုင်ရေး စီမံဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်းဆောင်ရွက်လျက်ရှိသော တမံ Rock Toe ရေစစ်ကျောက်ရိုးစီခြင်း၊ မြေကြီးဖို့ခြင်း၊ တမံနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆင်သေရေလှောင်တမံသည် ဒေသခံတောင်သူများရာသီအလိုက်နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ အချိန်မီအောင်မြင်ဖြစ်ထွန်းစွာ စိုက်ပျိုးနိုင်ရေးအတွက် နှစ်စဉ်စိုက်ပျိုးရေလုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိသော ရေလှောင်တမံတစ်ခုဖြစ်ကာ ဆင်သေရေလှောင်တမံအနေဖြင့် ယခု ၂၀၂၅-၂၀၂၆ နွေသီးနှံရာသီတွင် နွေစပါးနှင့် နွေအခြားသီးနှံလျာထားဧကပေါင်း ၁၁၅၈၀ ရှိသည့်အနက် ယနေ့အထိ နွေစပါး ၅၃၇၉ ဧကအား စိုက်ပျိုးရေပေးဝေထားရှိပြီး ကျန်ဧကများကိုလည်း စိုက်ပျိုးရေ ဆက်လက်ပေးဝေလျက်ရှိသည်။

ထို့နောက်ဒုတိယဝန်ကြီးသည်တပ်ကုန်းမြို့နယ်သရက်ကွင်းကျေးရွာအနီး၌ ဆင်သေရေလွှဲဆည်အသစ် တည်ဆောက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ရေလွှဲဆည် အူကြောင်း (Alignment) ရွေးချယ်ထားရှိမှု၊ သတ်မှတ်ဒီဇိုင်းပုံစံအရ မြေပြင်အနေအထားနှင့်ကိုက်ညီမှုရှိ မရှိ အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ယင်းနောက် ဆင်သေရေသောက်စနစ် လက်ဝဲလက်တံ(၁) မြောင်းအဖျားပိုင်းအထိ နွေစပါးနှင့် နွေအခြားသီးနှံစိုက်ပျိုးရေပေးဝေမှုနှင့် ရေဆင်းဆည်ရေသောက်စနစ် ဧရိယာအတွင်း လက်ယာလက်တံ(၂) မြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲကြရန်၊ မြောင်းဖျားပိုင်းရှိ လယ်ကွက်များအထိ စိုက်ပျိုးရေမျှတစွာရရှိစေရန်နှင့် စိုက်ပျိုးရေရယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ရေဆင်းရေလှောင်တမံအနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း နွေစပါး ၆၂၄၆ ဧက၊ နွေအခြားသီးနှံ ၁၁၈၀ ဧက စုစုပေါင်း ၇၄၂၆ ဧကကို စိုက်ပျိုးရေပေးဝေရန် လျာထားဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ သတင်းမီဒီယာ သင်တန်းအမှတ်စဉ်(၆)ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၉

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သတင်းမီဒီယာသင်တန်းအမှတ်စဉ်(၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး သင်တန်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ကောင်စီဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သင်တန်းဆရာများ နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက အဖွင့်အမှာစကားပြောကြားပြီး သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၂) မီဒီယာဖွံ့ဖြိုးတိုးတက်ရေးကော်မတီခေါင်းဆောင် ဦးခင်မောင်ကျော်ဒင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား စုစုပေါင်း ၃၉ ဦးတက်ရောက်ပြီး သင်တန်းကို မတ်လ ၉ ရက်မှ ၁၃ ရက်အထိဖွင့်လှစ်သွားမည်ဖြစ်ကာ English for journalism Media Ethic၊ မီဒီယာနှင့်လျှပ်စစ်ဆိုင်ရာ ဘာသာရပ်၊ News Translation၊ နိုင်ငံတကာနှင့်မီဒီယာ၊ မီဒီယာသမားများ သိသင့်သိထိုက်သောဥပဒေများ၊ Media Diplomacy၊ မီဒီယာနှင့်လူ့အခွင့်အရေး စသည့် ဘာသာရပ်များကို ပြင်ပပညာရှင်များ၊ ဌာနဆိုင်ရာမှကျွမ်းကျင်သူများနှင့် ကောင်စီဝင်ဆရာများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့်တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့်တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့်ကျန်းမာရေးထိခိုက်နိုင်ခြင်း။

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများအထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

# မြိတ်မြို့၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (CEIR)နှင့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးရှင်းလင်း

မြိတ်  မတ်  ၉

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၌ ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံ မှတ်ပုံတင်စနစ်(CEIR) ဆောင်ရွက်ခြင်းနှင့် အခွန်ဆိုင်ရာကိစ္စရပ်များ အသိပညာပေးရှင်းလင်းပွဲကို မတ် ၈ ရက်က ကျင်းပသည်။

မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများအနေဖြင့် စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များပေးဆောင်ထားသည့် မိုဘိုင်းဖုန်းများကို ပြည်တွင်း၌ ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် မတ်လ ပထမပတ်မှစ၍ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) အား စတင်အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း CEIR နှင့် EIR စနစ် စီမံကိန်း ဦးစီးကော်မတီမှ အသိပေးကြေညာထားသည်။

ထိုသို့အသိပညာပေးရှင်းလင်းရာတွင် မြိတ်မြို့နယ်အခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထက်နေဟိဏ်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) အသုံးပြုဆောင်ရွက်မည့် အစီအစဉ်များနှင့် မိုဘိုင်းဖုန်းသုံးစွဲသူ ပြည်သူများ စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး နိုင်ငံတော်သို့ ကျသင့်အခွန်များပေးဆောင်ထားသည့် မိုဘိုင်းဖုန်းများကို ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ရန် အခွန်ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ပြည်သူများ လက်ရှိအသုံးပြုနေသော မိုဘိုင်းဖုန်းများကို အခွန်ပေးဆောင်ရန်မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် အလိုအလျောက် ထည့်သွင်းပေးသွားမည်ဖြစ်ကာ ခွင့်ပြုစာရင်းတွင်ပါရှိနိုင်ရေးအတွက် မတ်လ ၃၁ ရက် နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT၊ ATOM၊ U9၊ Mytel) များ၏ SIM Card များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်သည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်အကြောင်း သိကောင်းစရာများနှင့် CEIR Public Portal အကြောင်း သိကောင်းစရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ စားတော်ပဲကေ ၇၀၀ ကျော် ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်းခန့်ထွက်ရှိ

ပွင့်ဖြူ  မတ်  ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲကေ ၇၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။




ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စားတော်ပဲ ဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါစားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧက ၇၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၅၃ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း စားတော်ပဲ ဧက ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစားတော်ပဲစိုက်ခင်းတွေကို ဖေဖော်ဝါရီလကစပြီး ရိတ်သိမ်းခဲ့တာ လက်ရှိမှာ ဧက ၇၁၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲရိတ်သိမ်းတာနဲ့ပတ်သက်ပြီး လေလွင့်ဆုံးရှုံးမှုတွေမဖြစ်အောင် စနစ်တကျရိတ်သိမ်းဖို့နဲ့ လိုအပ်တဲ့ရိတ်သိမ်းချွေလှေ့နည်းစနစ်တွေကိုလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးပါတယ်။ ရိတ်သိမ်းပြီးသီးနှံတွေကိုလည်း အရည်အသွေးကောင်းမွန်အောင် အမိုးအကာအောက်မှာ သေချာသိမ်းဆည်းနိုင်ဖို့ လိုအပ်တာတွေ ကူညီဆောင်ရွက်ပေးပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်၌ စားတော်ပဲစိုက် တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ မြေဩဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေးနှင့် အချိန်မီသီးနှံရိတ်သိမ်းနည်းပညာများ စသည့် တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




# မီးဘေးအန္တရာယ်သတိပြုကာကွယ်နိုင်ရေး အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိ

ရန်ကုန်  မတ်  ၉

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များ၌ မတ်လ ၈ ရက်က မီးဘေးအန္တရာယ်သတိပြုကာကွယ်နိုင်ရေးအသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ခြင်းကို တာမွေမြို့နယ် မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးထွန်းထွန်းလင်းဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ပူပြင်းခြောက်သွေ့သောကာလသို့ရောက်ရှိလာပြီဖြစ်သည့်အတွက် တာမွေမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများ၊ ဈေးဆိုင်များနှင့်နေအိမ်များ၌ အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများနှင့် မီးခလုတ်များကို နေ့စဉ်စစ်ဆေးဆောင်ရွက်ရန်၊ လျှပ်စစ်မီးဖို၊ လျှပ်စစ်မီးပူများကိုသုံးစွဲပြီးလျှင် သို့မဟုတ် လျှပ်စစ်မီးပြတ်တောက်ချိန်တွင် မီးခလုတ်ကိုပိတ်၍ ပလပ်ခေါင်းဖြုတ်ထားရန်၊ ဟောင်းနွမ်းဆွေးမြည့်သော လျှပ်စစ်ဝိုင်ယာကြိုးများအား စနစ်တကျစစ်ဆေးလဲလှယ်ထားရှိရန်၊ လျှပ်စစ်ဒဏ်ခံကြိုး၊ Fuse များကို ခံနိုင်သည်ထက်ပိုမသုံးရန် စသည်တို့ကို အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ကြသည်။

တာမွေမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် တာမွေမြို့နယ်အတွင်းရှိ ရပ်ကွက်များတွင် မီးဘေးအန္တရာယ်သတိပြုကာကွယ်နိုင်ရေးအတွက် မီးသတိမူရေးအသိပေးနှိုးဆော်ခြင်းများကို အရှိန်အဟုန်မြှင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**မိုမိုအောင်(ပြန်/ဆက်)**

# မတ်လပထမပတ်တစ်ပတ်တာကာလအတွင်း စတော့ရှယ်ယာအစောင်ခြောက်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန်  မတ်  ၉

ရန်ကုန်စတော့အိတ်ချိန်း၌ မတ်လ ပထမပတ် တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၂၂၀၀ ကျော် တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ခြောက်သောင်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်စတော့အိတ်ချိန်း၏ Main Board တွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နေရာ မတ်လ ၃ ရက်မှ ၆ ရက်အထိ စုစုပေါင်းငွေကျပ် ၂၂၂၈၇၅၁၅၀ တန်ဖိုးရှိစတော့ရှယ်ယာအစောင် ၆၀၃၁၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၃၆၅၀၇၃၀၀ တန်ဖိုးရှိ စတော့ ရှယ်ယာ ၃၈၀၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MTSH ကုမ္ပဏီမှ ငွေကျပ် ၄၇၅၈၅၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၉၁၈၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၇၃၀၁၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၃၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၉၈၁၈၃၇၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၉၂၆၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၇၆၁၄၄၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၂၅၀၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။


EFR ကုမ္ပဏီမှ ငွေကျပ် ၂၃၂၉၆၂၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၄၀၅၁ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၁၁၉၄၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၀၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၁၁၉၂၃၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၃၅၈ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ကျောက်တလုံးကြီးမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



**ကျောက်တလုံးကြီး မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)ကျောက်တလုံးကြီးမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသော လီလီပန်းများ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

လီလီပန်းများစိုက်ပျိုးရာတွင် ပန်းမျိုးဥများ အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်ကာ အမြစ်များရှင်သန်ရန် လိုအပ်ကြောင်း၊ စိုက်ပျိုးမည့်စိုက်ပေါင်နှင့် စိုက်ကျင်းအနက်တို့သည် မျိုးဥပေါ်မူတည်၍ပြုလုပ်ပေးရပြီး မျိုးဥမချမီ စိုက်ပေါင်ကို နွားချေး၊ အာမိုနှင့် ဒီစူပါ မြေဩဇာများရော၍ထည့်ကာ ရေဖြင့် ခြောက်နာရီခန့်ကြိုတင်နှပ်ထားပြီးမှ မျိုးဥချရကြောင်း၊ လီလီပန်းပင်များစိုက်ပျိုးရာတွင် တွင်းအနက်အနည်းဆုံး ၆ လက်မလိုအပ်ပြီး တစ်ပင်နှင့်တစ်ပင်ကြား ၆ လက်မခြား စိုက်ပျိုးရကြောင်း၊ လီလီပန်းများသည် နေရောင်ခြည်ကြိုက်သော်လည်း အေးသော ရာသီဥတုကိုနှစ်သက်သောကြောင့် အပူဒဏ်ခံနိုင်ရန် အမိုးများမိုးထားပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး နှစ်ရက်လျှင်တစ်ကြိမ် ရေလောင်းပေးရကာပေါင်းမြက်ပေါက်ရောက်မှုအပေါ်မူတည်၍ တစ်လတစ်ကြိမ်ခန့် ပေါင်းရှင်းပေးရန်လိုအပ်ကြောင်း သိရသည်။

လီလီပန်း မျိုးကွဲပေါင်း ၁၀၀ ကျော်ရှိပြီး အရောင်အားဖြင့် အဖြူ၊ အဝါ၊ ပန်းရောင်၊ ခရမ်း၊ အနီရောင်တို့ရှိကြောင်း၊ လီလီပန်းသည် စိုက်ပျိုးပြီးရှစ်လကြာလျှင် ပန်းများ ခူးယူနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်ဩဂုတ်လတွင် အဖြူရောင်လီလီပန်းမျိုးကို စိုက်ပျိုးခဲ့ပြီး ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလတွင် ပန်းများစတင် ခူးယူရောင်းချနိုင်သဖြင့် မိသားစုအပိုဝင်ငွေ ရရှိကြောင်း လီလီပန်းစိုက်ပျိုးသူတစ်ဦးထံမှသိရသည်။

**ဇော်နိုင်လင်း**



# ငဖဲမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ငဖဲ မတ် ၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ပေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် နှင့် စာဖတ်ရှိန်မြှင့်တင်ရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို မတ်လ ၉ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ ငဖဲမြို့နယ် ပေကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စိုးစိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်ယုယုသိန်း က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် နယ်လှည့်အသိပညာပေးလှုပ်ရှားဆောင်ရွက်မှုလုပ်ငန်းများ၊ နွေရာသီကျောင်းပိတ်ရက်ကာလတွင် အချိန်ကို အကျိုးရှိစွာအသုံးချရန်အတွက် အသိပညာဗဟုသုတတိုးပွားစေရေး သုတရသစာအုပ်စာစောင်များကို လေ့လာဖတ်ရှုကြရန်၊ နွေရာသီ အပူဒဏ်ကာကွယ်ရေး သိကောင်းစရာများနှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပေကုန်းအခြေခံပညာမူလတန်းကျောင်းစာကြည့်တိုက်အတွက် တိုင်းရင်းသားရိုးရာပုံပြင်စာအုပ်များပေးအပ်လှူဒါန်းသည်။

ယင်းနောက် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မယု(ငဖဲ)**

# ပန်ဆောင်မြို့နယ်၌ ကော်ဖီသီးများ စတင်ခူးဆွတ်လျက်ရှိ

**ပန်ဆောင် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ပန်ဆောင်မြို့နယ်အတွင်းကျေးရွာအချို့၌ ယခုအခါ ကော်ဖီသီးများ ရင့်မှည့်လာပြီဖြစ်၍ တောင်သူများစတင်ခူးဆွတ်လျက်ရှိကြောင်း သိရသည်။

ပန်ဆောင်မြို့နယ်ရှိ ကော်ဖီစိုက်တောင်သူများမှာ အာရေဘီးကားကော်ဖီမျိုးနှင့် ရိုဘတ်စတာကော်ဖီမျိုးတို့ကို စိုက်ပျိုးထားကြပြီး အာရေဘီးကားမျိုးများမှာအစောဆုံးမှည့်၍ ခူးဆွတ်ကြကြောင်း၊ အချို့တောင်သူများမှာ ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ၊ ကော်ဖီသီးနှံဌာနခွဲတို့မှ အရည်အသွေးကောင်းမွန်သော ကော်ဖီစေ့များ ရရှိရန် ကော်ဖီခူးဆွတ်ခြင်း၊ နည်းပညာဖြန့်ဝေပေးမှုများအတိုင်း လုပ်ဆောင်ခူးဆွတ်ကြသော်လည်း အချို့တောင်သူများမှာ အစိုအတိုင်း ဦးစားပေးခူးဆွတ်ကြကြောင်း တောင်သူတစ်ဦးက ပြောသည်။

ကော်ဖီစိုက်တောင်သူများအနေဖြင့် ကော်ဖီသီးများခူးဆွတ်ပြီး အစိုအတိုင်း ရောင်းချသူများရှိပြီး နေလှန်းအခြောက်ခံ၍ ကော်ဖီစေ့ထုတ်လုပ်ရောင်းချသူများလည်း ရှိကြောင်း သိရသည်။

**ပန်ဆောင် (ပြန်/ဆက်)**



# ပန်းတောင်းမြို့နယ်၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းဖွင့်

**ပန်းတောင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ နွေရာသီအင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ၉ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်သူရ က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ သင်တန်းနည်းပြဆရာ ဦးဝဏ္ဏထွန်းနှင့် ဒေါက်တာဦးရဲမင်းဦးတို့က မိမိတို့၏ဗဟုသုတအမြင်များ ကျယ်ပြန့်လာစေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းတွင် ယုံကြည်မှုရှိစွာ ပြောဆိုဆက်သွယ်နိုင်စေရန်ရည်ရွယ်ကာ ယခုကဲ့သို့ သင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင်အခြေခံအင်္ဂလိပ်စာသဒ္ဒါအသုံးအနှုန်းများ၊ နေ့စဉ်သုံးစကားပြောဆိုမှုပုံစံများ၊ အသံထွက်မှန်ကန်စေရန် လေ့ကျင့်မှုများနှင့် နားထောင်မှုစွမ်းရည်တိုးတက်စေမည့်သင်ခန်းစာများကို စာတွေ့လက်တွေ့ စနစ်တကျ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ ပန်းတောင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ ရုံးဝန်ထမ်းများတက်ရောက်ကြပြီး သင်တန်းကာလမှာ မတ်လ ၉ ရက်မှ ၁၃ ရက်ထိ ငါးရက်ကြာဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

# ပေါက်ခေါင်းအခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်

**ပေါက်ခေါင်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ မတ်လ ၈ ရက်တွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ပညာရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ဦးဆောင်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာန ပြုလုပ်မည့် ပေါက်ခေါင်းအခြေခံပညာအထက်တန်းကျောင်း၌ကျောင်းဝင်းအတွင်းနှင့်အပြင်ရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ စနစ်တကျမီးရှို့ခြင်းနှင့် မီးသတ်ရေယာဉ်ဖြင့် စနစ်တကျ ငြိမ်းသတ်ခြင်းတို့အပြင် စာသင်ခန်းများနှင့်ရုံးခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ၊ ဆရာမများနှင့် မြို့မိမြို့ဖများ ပူးပေါင်းကူညီဆောင်ရွက်ကြကြောင်း သိရသည်။

**ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## MWD Variety Channel ၁၀-၃-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၁၀:၁၅ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (မြန်မာစာဘာသာရပ်) |
| ၂။ | ၁၁:၃၅ | ဖတ်ပါ မှတ်ပါ လေ့လာပါ |
| ၃။ | ၁၂:၂၀ | ဥပဒေမှတ်စု |
| ၄။ | ၁၄:၂၀ | ကြည်နူးဖူးမြော် ဘုရားပုထိုးစေတီတော် |
| ၅။ | ၁၆:၄၅ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၆။ | ၁၉:၀၀ | တပ်မတော်နေ့ ဂုဏ်ပြုဇာတ်ကားအစီအစဉ် |

# အကြိုသွေးချိုရောဂါကို သဘာဝအတိုင်း ပြန်လည်ကောင်းမွန်စေနိုင်သောနည်းလမ်းများ

"လျင်မြန်စွာစုပ်ယူပြီး သွေးတွင်းသကြားဓာတ်ကို ချက်ချင်းမြင့်တက်စေသော သကြားပါဝင်သည့် အဖျော်ယမကာများ၊ သကြားလုံးများ၊ ဒိန်ချဉ်၊ ပျားရည်၊ ဖျော်ရည်များနှင့် တချို့သောသစ်သီးများကဲ့သို့ ရိုးရှင်းသည့်ကာဗိုဟိုက်ဒရိတ်များကို ရှောင်ကြဉ်ပါ သို့မဟုတ် ကန့်သတ်ပါ။ ထမင်းဖြူ၊ ပေါင်မုန့်ဖြူ၊ ပီဇာ၊ ခေါက်ဆွဲနှင့် ပါစတာများကဲ့သို့ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များသည်လည်း သွေးတွင်းသကြားဓာတ်ကို လျင်မြန်စွာမြင့်တက်စေနိုင်သဖြင့် ကန့်သတ်သင့်သည် သို့မဟုတ် အလွန်အကျွံစားခြင်းကို ရှောင်ကြဉ်သင့်သည် . . ."

မျက်မှောက်ခေတ်တွင် အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါဖြစ်ပွားရသည့် အကြောင်းရင်းများစွာကို သိရှိလာကြပြီးနောက် ကြိုတင်ကာကွယ်နိုင်သည့် နည်းလမ်းများကို ရှာဖွေတွေ့ရှိလာကြသည်။ အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါရှင်များသည် ရောဂါရှိကြောင်းမသိရှိမီ ကာလရှည်ကြာစွာကပင် ရောဂါလက္ခဏာမပြဘဲ သွေးတွင်းသကြားဓာတ်များမြင့်တက်နေနိုင်သောအခြေအနေတစ်ခုကို အကြိုသွေးချိုရောဂါ (ခေါ်) ကနဦးသွေးချို (Pre-Diabetes) ဟု ခေါ်ဆိုခြင်းဖြစ်သည်။ အကြိုသွေးချိုရောဂါ (ခေါ်) ကနဦးသွေးချိုရှိသူတစ်ဦး၏ သွေးတွင်းသကြားဓာတ်ပမာဏသည် ပုံမှန်ရှိသင့်သည်ထက်များနေသော်လည်း သွေးချိုဆီးချိုရောဂါဟု သတ်မှတ်နိုင်သောပမာဏထက် နည်းနေသေးသည့်အခြေအနေတစ်ခုဖြစ်သည်။

**အကြိုသွေးချိုရောဂါ၏အနာဂတ်ပြဿနာများ**

အကြိုသွေးချိုဆီးချိုရောဂါရှိသူများသည် ထိရောက်သောကာကွယ်ကုသမှုများမပြုလုပ်ပါက ငါးနှစ်အတွင်း အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေ ၇၀ ရာခိုင်နှုန်းအထိရှိသည်။ အကြိုသွေးချိုဖြစ်နေသောကာလရှည်ကြာသည်နှင့်အမျှ သွေးချိုဆီးချိုရောဂါ၏နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ လေသင်တုန်းဖြတ်ခြင်း (ခေါ်) ဦးနှောက်သွေးကြောပိတ်ခြင်း၊ မျက်စိထိခိုက်ခြင်း၊ ကျောက်ကပ်ထိခိုက်ပျက်စီးခြင်း၊ အာရုံကြောများထိခိုက်ပျက်စီးခြင်းတို့ဖြစ်ပေါ်လာနိုင်သည်။ ကိုယ်ဝန်မဆောင်မီ အကြိုသွေးချိုရောဂါရှိသော အမျိုးသမီးများတွင် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါဖြစ်နိုင်သည်။ ထို့ပြင် ကိုယ်ဝန်ဆောင်ဆီးချိုရောဂါရှိသူမိခင်များမှ မွေးဖွားသောကလေးများသည် အနာဂတ်တွင် အကြိုသွေးချိုနှင့် အမျိုးအစား(၂)သွေးချိုဆီးချိုရောဂါဖြစ်နိုင်သည်။

**သွေးချိုဆီးချိုရောဂါမဖြစ်မီ<br>အကြိုသွေးချိုကာလ၏အရေးပါမှု**

သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလတွင် ခန္ဓာကိုယ်သည် အင်ဆူလင်ကို ထိရောက်စွာအသုံးပြုရန်အခက်အခဲရှိလာပြီး သွေးတွင်းသကြားဓာတ်များ မြင့်တက်လာသောအခြေအနေကို ဖြစ်စေသည်။ ပန်ကရိယသည် ဆဲလ်များထဲသို့ သကြား (ဂလူးကို့စ်)ကို ဝင်ရောက်ခွင့်ပြုရန် လိုအပ်သောအင်ဆူလင်ဟော်မုန်းကို ထုတ်လုပ်သည်။ ခန္ဓာကိုယ်သည် အင်ဆူလင်ခံနိုင်ရည်ရှိမှုကြောင့် ခန္ဓာကိုယ်၏ဆဲလ်များသည် အင်ဆူလင်ဟော်မုန်းကို တုံ့ပြန်မှုအားနည်းပြီး အင်ဆူလင်ဟော်မုန်းကို ကောင်းစွာအသုံးမပြုနိုင်သည့်အခါ သကြားဓာတ်များသည် သွေးကြောထဲတွင် စုပုံလာနိုင်သည်။ သွေးတွင်းသကြားဓာတ်သည် ပုံမှန်ထက်မြင့်မားနေသော်လည်း အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါဟု အသိအမှတ်ပြုရန် အခြေအနေမရှိသေးသည့်အချိန်ဖြစ်သည်။ သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလသည် ရောဂါလက္ခဏာများကို အမြဲတမ်းမခံစားရသော်လည်း တချို့လူများတွင် ချိုင်း၊ လည်ပင်းနှင့် တံတောင်ဆစ်တစ်ဝိုက်ရှိ အရေပြားများ မည်းလာတတ်သည်။ သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလမှ အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါသို့ တိုးတက်မှုသည် မလွဲမသွေဖြစ်လာခြင်းမဟုတ်ပါ။ သွေးချိုဆီးချိုရောဂါကာကွယ်ရေး အစီအစဉ်တစ်ခုမှ သုတေသနပြုချက်များအရ လူနေမှုပုံစံပြောင်းလဲမှုများသည် အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို ၅၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး အသက် ၆၀ ကျော်သူများတွင် ၇၁ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း ပြသခဲ့သည်။ သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလတွင် အစားအသောက်နှင့် လူနေမှုပုံစံအလေ့အထများကို ပြောင်းလဲခြင်းသည် ကြီးမားသောခြားနားချက်ကို ဖြစ်စေနိုင်သည်။ သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလ၏ အဓိကအချက်ဖြစ်သော အင်ဆူလင်ခံနိုင်ရည်ရှိမှုကို အစားအသောက်ပြုပြင်မှုများ၊ ရုပ်ပိုင်းဆိုင်ရာလှုပ်ရှားမှုတိုးမြှင့်ခြင်းနှင့် ကိုယ်အလေးချိန်အနည်းငယ်လျှော့ကျစေခြင်းဖြင့် ပြန်လည်ကောင်းမွန်စေနိုင်သည်။

အကြိုသွေးချိုရောဂါကို သဘာဝအတိုင်းပြန်လည်ကောင်းမွန်စေရန် သို့မဟုတ် သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို ထိရောက်စွာစီမံခန့်ခွဲရန် အရေးကြီးဆုံးနှင့် လက်တွေ့ကျသောနည်းလမ်းများကို ဖော်ပြပေးလိုက်ပါသည်။

**သန့်ရှင်းသောအစားအစာကိုစားသုံးခြင်း**

သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုရောဂါအတွက် အန္တရာယ်ရှိသောအစားအစာများမှာ အာဟာရပြည့်ဝမှုမရှိဘဲ အဆီ၊ ကယ်လိုရီနှင့် သကြားတို့ မြင့်မားစွာပါဝင်သော လွန်ကဲစွာပြုပြင်ထားသည့် အစားအစာများဖြစ်သည်။ အနီရောင်အသားများသည်လည်း အကြိုသွေးချိုရောဂါအန္တရာယ်ကို မြင့်တက်စေသည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာရွေးချယ်မှုများဖြင့် သန့်ရှင်းသောအစားအစာကိုစားသုံးခြင်းသည် ပုံမှန်သွေးတွင်းသကြားဓာတ်ပမာဏကို ပြန်လည်ရရှိစေရန် ကူညီပေးနိုင်သည်။ သန့်ရှင်းသောအစားအစာသည် သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုရောဂါကို ပြောင်းပြန်လှန်နိုင်ပြီး အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါကို ကာကွယ်နိုင်သည်။ ကယ်လိုရီနည်းသောအစားအစာများတွင် အမျှင်ဓာတ်များသော ကာဗိုဟိုက်ဒရိတ်များဖြစ်သည့် သစ်သီးများ၊ ဟင်းသီးဟင်းရွက်များ၊ ပဲအမျိုးမျိုး၊ ကောက်နှံများ၊ အခွံမာသီးများနှင့် အစေ့အဆန်များ၊ အဆီနည်းသောအသားများ၊ ကျန်းမာရေးနှင့်ညီညွတ်သောအဆီများပါသည့် ထောပတ်သီး၊ သံလွင်ဆီ၊ အခွံမာသီးများ၊ ဆယ်လ်မွန်ငါးကဲ့သို့ အဆီများသောငါးများ ပါဝင်သည်။ အစားအစာသည် သွေးတွင်းသကြားဓာတ်ထိန်းချုပ်မှု၏ အဓိကအချက်ဖြစ်သောကြောင့် အာဟာရပြည့်ဝပြီး Glycemic Index နည်းသောအစားအစာများကို စားသုံးခြင်းဖြင့် အင်ဆူလင်ခံနိုင်ရည်ရှိမှုကိုလျှော့ချကာ သွေးတွင်းသကြားဓာတ်ကို တည်ငြိမ်အောင်ပြုလုပ်ရန်ဖြစ်သည်။

**ကာဗိုဟိုက်ဒရိတ်လျှော့စားခြင်း**

ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကို စားသုံးရန်လိုအပ်သည့်အပြင် ကာဗိုဟိုက်ဒရိတ်များကို ဂရုစိုက်ရွေးချယ်ရန်လည်း အရေးကြီးသည်။ သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုရောဂါကာလကို ပြန်လည်ကောင်းမွန်စေရန်အတွက် တချို့သောကာဗိုဟိုက်ဒရိတ်များကို လျှော့စားရန်လိုအပ်သည်။ အများစုအတွက် မပြုပြင်ရသေးသောကာဗိုဟိုက်ဒရိတ်များဖြစ်သည့် အမျှင်ဓာတ်များသော ကာဗိုဟိုက်ဒရိတ်များကို စားသုံးရန်လိုအပ်သည်။ ဟင်းသီးဟင်းရွက်များ၊ ကောက်နှံများ၊ ပဲမျိုးစုံနှင့် ဆန်လုံးညိုတို့တွင် ရှုပ်ထွေးသောကာဗိုဟိုက်ဒရိတ်များပါဝင်သောကြောင့် အမျှင်ဓာတ်ကြွယ်ဝပြီး ပိုမိုကြာရှည်စွာဗိုက်ပြည့်စေသည်။ အမျှင်ဓာတ်များသောအစားအစာများသည် ချေဖျက်ရန် အချိန်ပိုကြာသောကြောင့် ခန္ဓာကိုယ်ထဲသို့ ဂလူးကို့စ်စုပ်ယူမှုကိုနှေးကွေးစေပြီး သွေးတွင်းသကြားဓာတ်မြင့်တက်ခြင်းကိုလည်း ကာကွယ်ရန်အထောက်အကူဖြစ်စေသဖြင့် တစ်ရက်လျှင် ၂၅ ဂရမ်မှ ၃၀ ဂရမ်ခန့် စားသုံးရန်လိုအပ်သည်။

လျင်မြန်စွာစုပ်ယူပြီး သွေးတွင်းသကြားဓာတ်ကို ချက်ချင်းမြင့်တက်စေသော သကြားပါဝင်သည့် အဖျော်ယမကာများ၊ သကြားလုံးများ၊ ဒိန်ချဉ်၊ ပျားရည်၊ ဖျော်ရည်များနှင့် တချို့သောသစ်သီးများကဲ့သို့ ရိုးရှင်းသည့်ကာဗိုဟိုက်ဒရိတ်များကို ရှောင်ကြဉ်ပါ သို့မဟုတ် ကန့်သတ်ပါ။ ထမင်းဖြူ၊ ပေါင်မုန့်ဖြူ၊ ပီဇာ၊ ခေါက်ဆွဲနှင့် ပါစတာများကဲ့သို့ သန့်စင်ထားသော ကာဗိုဟိုက်ဒရိတ်များသည်လည်း သွေးတွင်းသကြားဓာတ်ကို လျင်မြန်စွာမြင့်တက်စေနိုင်သဖြင့် ကန့်သတ်သင့်သည် သို့မဟုတ် အလွန်အကျွံစားခြင်းကို ရှောင်ကြဉ်သင့်သည်။ စားသုံးမှုပမာဏကို ဂရုစိုက်ပြီး ပန်းကန်၏လေးပုံတစ်ပုံကို ရှုပ်ထွေးသောကာဗိုဟိုက်ဒရိတ်များဖြင့် ဖြည့်စားရန်လိုအပ်သည်။

**လေ့ကျင့်ခန်းမှန်မှန်ပြုလုပ်ခြင်း**

ကိုယ်လက်လှုပ်ရှားမှုမရှိခြင်းသည် သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလအတွက် နောက်ထပ်အန္တရာယ်ရှိသော အချက်တစ်ခုဖြစ်သည်။ ကိုယ်လက်လှုပ်ရှားမှုသည် အကြိုသွေးချိုရောဂါကို ကုသရန် အထိရောက်ဆုံးနည်းလမ်းများထဲမှ တစ်ခုဖြစ်သည်။ လေ့ကျင့်ခန်းလုပ်ခြင်းသည် စွမ်းအင်နှင့်စိတ်ကျန်းမာရေးအတွက်သာမက အင်ဆူလင်အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးနိုင်သည်။ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် ခန္ဓာကိုယ်ရှိ ကြွက်သားများနှင့် ဆဲလ်များသည် ဂလူးကို့စ်ကို ပိုမိုထိရောက်စွာအသုံးပြုနိုင်စေပြီး အင်ဆူလင်၏အာရုံခံနိုင်စွမ်းကို မြှင့်တင်ပေးခြင်းဖြင့် သွေးတွင်းသကြားဓာတ်ကို လျှော့ချပေးနိုင်သည်။ အမေရိကန်သွေးချိုဆီးချိုရောဂါအသင်း (ADA) ၏ အဆိုအရ လေ့ကျင့်ခန်းလုပ်ခြင်းသည် သွေးတွင်းသကြားဓာတ်ကို လေ့ကျင့်ခန်းလုပ်ပြီးနောက် ၂၄ နာရီအထိ လျှော့ချပေးနိုင်သည်။ အစာစားပြီးနောက် လမ်းလျှောက်ခြင်းသည်ပင် ခန္ဓာကိုယ်က အင်ဆူလင်အသုံးပြုမှုကို တိုးတက်ကောင်းမွန်စေရန် အထောက်အကူပြုသည်။ ထိုင်နေသောအချိန်ကိုလျှော့ပြီး နာရီဝက်ကြာတိုင်း တစ်ခါထ၍လမ်းလျှောက်ပါ။

**ကိုယ်အလေးချိန်လျှော့ကျစေခြင်း**

ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၏ အကျိုးကျေးဇူးတစ်ခုမှာ ကိုယ်အလေးချိန်ကျစေရန် အထောက်အကူပြုနိုင်ခြင်းဖြစ်သည်။ ကျန်းမာရေးနှင့်ညီညွတ်သောအစားအစာစားခြင်းနှင့် လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်းသည် ကိုယ်အလေးချိန်လျှော့ကျစေရန် အဓိကသော့ချက်ဖြစ်သည်။ ခါးအရွယ်အစားကြီးလာသောအခါ (အမျိုးသမီးများအတွက် ၃၅ လက်မထက်ပိုများပြီး အမျိုးသားများအတွက် လက်မ ၄၀ ထက်ပိုများပါက) အင်ဆူလင်ခံနိုင်ရည်လည်း မြင့်တက်လာနိုင်သည်။ လက်ရှိကိုယ်အလေးချိန်၏ ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းခန့် လျှော့ချနိုင်ရုံဖြင့် သွေးတွင်းသကြားဓာတ်ပမာဏကို တည်ငြိမ်အောင်ထိန်းညှိနိုင်ပြီး သွေးချိုဆီးချိုရောဂါဖြစ်နိုင်ခြေကို သိသိသာသာလျှော့ချနိုင်သည်ဟု အမေရိကန်သွေးချိုဆီးချိုရောဂါအသင်းက ဖော်ပြထားသည်။

**အိပ်စက်ခြင်းနှင့်<br>စိတ်ဖိစီးမှုစီမံခန့်ခွဲမှုကို ဦးစားပေးခြင်း**

အိပ်ရေးပျက်ခြင်းသည် သကြားစားချင်စိတ်နှင့် စိတ်ဖိစီးမှုဟော်မုန်းများကို တိုးမြှင့်စေသောကြောင့် အင်ဆူလင်တုံ့ပြန်မှုကို လျော့နည်းစေသည်။ တစ်ညလျှင် အရည်အသွေးပြည့်သောအိပ်စက်ချိန် ၇-၉နာရီအထိ အိပ်စက်ပါ။ စိတ်ဖိစီးသည့်အခါ ခန္ဓာကိုယ်က Cortisol ဟော်မုန်းထုတ်ပြီး သွေးတွင်းသကြားဓာတ်ပမာဏကို မြင့်တက်စေသည်။ တရားထိုင်ခြင်း၊ ယောဂကျင့်ခြင်း သို့မဟုတ် သဘာဝတွင် အချိန်ဖြုန်းခြင်းကဲ့သို့သော ဝါသနာပါရာတစ်ခုခုပြုလုပ်ခြင်းဖြင့် စိတ်ဖိစီးမှုကိုလျှော့ချပါ။

**ရေဓာတ်ပြည့်ဝစွာသောက်သုံးခြင်း**

ရေသောက်ခြင်းသည် သွေးချိုဆီးချိုရောဂါမတိုင်မီ အကြိုသွေးချိုရောဂါကာလကို ပြန်လည်ကောင်းမွန်စေရန်နှင့် အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါကို ကာကွယ်ရန် နောက်ထပ်အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်သည်။ ရေသည် သွေးတွင်းဂလူးကို့စ်ပမာဏကိုထိန်းချုပ်ရန် ကျောက်ကပ်မှတစ်ဆင့် ပိုလျှံနေသောသကြားဓာတ်များကို ဖယ်ရှားနိုင်ရေး ကူညီပေးသည်။ သကြားဓာတ်များလေ့ရှိသောဆော်ဒါ၊ သစ်သီးဖျော်ရည်များနှင့် အားဖြည့်အချိုရည်များအစား ကျန်းမာရေးနှင့်ညီညွတ်သောရေကိုသာ အဓိကသောက်သုံးပါ။

အချုပ်အားဖြင့်ဆိုရသော် သွေးချိုဆီးချိုရောဂါမဖြစ်မီ အကြိုသွေးချိုကာလကို ရှာဖွေတွေ့ရှိခြင်းသည် အမျိုးအစား(၂) သွေးချိုဆီးချိုရောဂါဖြစ်ပွားနိုင်သည့်အန္တရာယ်ရှိသောကြောင့် အဆိုပါအခြေအနေကို သဘာဝအတိုင်းပြန်လည်ကောင်းမွန်စေရေး မြန်မြန်ဆန်ဆန်လုပ်ဆောင်ရန် လိုအပ်သည်။ လူနေမှုပုံစံကိုပြုပြင်ခြင်းဖြင့် သဘာဝအတိုင်း ပြန်လည်ကောင်းမွန်စေနိုင်သောကြောင့် သွေးတွင်းသကြားဓာတ်ကို ကျန်းမာရေးနှင့်ညီညွတ်သောအတိုင်းအတာထိရောက်ရှိအောင်လုပ်ဆောင်ရန် အဓိကကျသည်။ ဖော်ပြပါနည်းလမ်းများသည် အမျိုးအစား (၂) သွေးချိုဆီးချိုရောဂါကို ရှောင်ရှားနိုင်ရုံသာမက နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အာရုံကြောပျက်စီးခြင်းစသည့်နောက်ဆက်တွဲပြဿနာများကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

ဒေါက်တာသိင်္ဂီကျော်

# အောင်ပန်းမြို့နယ်၌ ပန်းမုန်လာစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိ



အောင်ပန်း မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် သာမိုင်းခမ်းကျေးရွာ၌ စိုက်ပျိုးထားသော ပန်းမုန်လာစိုက်ခင်းများမှာ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်ကတော့ တစ်နှစ်ပတ်လုံး ရာသီအလိုက်သီးနှံစိုက်ပျိုးပါတယ်။ အခုစိုက်ထားတာကတော့ ပန်းမုန်လာပွင့်စိုက်တယ်။ မိုးတွင်းကာလဆိုရင် ဂေါ်ဖီထုပ်၊ ဂေါ်ရခါးသီး စိုက်ပါတယ်။ ဆောင်းသီးနှံပန်းမုန်လာပွင့်ကတော့ အပင် ၂၀၀၀၀ စိုက်ထားတယ်။ ဖေဖော်ဝါရီလမှာ စတင်စိုက်ပျိုးတယ်။ မစိုက်ခင် မြေပြုပြင်တယ်။ စိုက်ကျင်းတွေတူးတယ်။ မြေဆွေးထည့်နှပ်ပြီးမှ ပျိုးပင်ပေါက်ကိုစိုက်ပါတယ်၊ စိုက်ပြီး ၁၅ ရက်သားလောက်ဆိုရင်တော့ ပုလဲဓာတ်မြေဩဇာကျွေးတယ်။ ပိုးသတ်ဆေးဖျန်းပေးရတယ်။ ၄၅ ရက်သားဆိုရင်အပွင့်စပွင့်တယ်။ အဲဒီအချိန်ဆိုရင်တော့ အသီးအပွင့်အားဆေးဖျန်းပေးရတယ်၊ ပိုးသတ်ဆေးကတော့လိုအပ်ရင်ထပ်ဖျန်းပေးရပါတယ်၊ အပွင့်စပွင့်ပြီး နောက်ထပ်ရက် ၂၀ လောက်ဆိုရင်တော့ ဈေးကွက်ကိုတင်ပို့ရောင်းချလို့ရပါပြီ”ဟု သီးနှံစိုက်ပျိုးသူ ဦးစိုင်းမြင့်ဇော်ကပြောသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့သည် စီးပွားရေးအရ အချက်အချာကျသော မြို့ဖြစ်ပြီး ကလောမြို့နယ်၊ ပင်လောင်း၊ ရွာငံစသည့်ဒေသများမှထွက်ရှိသော သီးနှံများကို မန္တလေး၊ နေပြည်တော်၊ ရန်ကုန်၊ မုံရွာမြို့တို့သို့ ကုန်ကားကြီးများဖြင့် နေ့စဉ်တင်ပို့ပေးလျက်ရှိကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှ ထွက်ရှိလာသောသီးနှံများကို ဈေးကွက်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပို့နိုင်ခြင်းကြောင့် စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း သီးနှံရောင်းချရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

(၆၀၃)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်
### ၁၀-၃-၂၀၂၆(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၅ | တရားတော် |
| ၂။ | ၀၇:၁၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ | ၀၈:၅၀ | ၁၂ လရာသီမှတ်တမ်း |
| ၄။ | ၀၉:၂၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၅။ | ၁၀:၄၅ | စိုက်ပျိုးသုတ |
| ၆။ | ၁၁:၁၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇။ | ၁၂:၁၅ | လေးစားအတုယူစံနမူသူရဲကောင်းများ |
| ၈။ | ၁၃:၂၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၄:၁၅ | Sharimg Knowledge |
| ၁၀။ | ၁၅:၂၅ | တစ်ချိန်ကသူတို့အကြောင်း |
| ၁၁။ | ၁၇:၂၅ | မှတ်သားလိုက်နာပုံပမာ |
| ၁၂။ | ၁၈:၃၀ | ယဉ်ကျေးမှုအမွေ မြန်မာစာပေ |
| ၁၃။ | ၁၉:၀၀ | (၈၁)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း ကြယ်နှင့်အတူ အပိုင်း(၁၃) သရုပ်ဆောင်- ခန့်စည်သူ၊ ဖိုးသောကြာ၊ စိုးမြတ်နန္ဒာ၊ ဒါရိုက်တာ- အကယ်ဒမီ တင်အောင်စိုး(ပန်းမြို့တော်) |

# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးစစ်ဆေး

နတ်မောက် မတ် ၉

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မတ်လ ၈ ရက် နံနက်ပိုင်းတွင် မြို့နယ်ရှိ သက်ဆိုင်ရာတာဝန်ရှိသူများက လိုက်လံစစ်ဆေးကြသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာနှင့် ဈေးကော်မတီဝင်တို့က မြို့မဈေးကြီးအတွင်း နွေရာသီမီးလောင်မှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန် မီးသတ်ရေစုကန်များ ရေအပြည့်ဖြည့်တင်းထားမှုရှိ/မရှိ၊ မီးချိတ်မီးကပ်များကောင်းမွန်မှု ရှိ/မရှိနှင့် မီးသတ်ရေငုတ်များ ကောင်းမွန်မှု ရှိ/မရှိတို့ကို ကြည့်ရှုစစ်ဆေးကြကြောင်းသိရသည်။

လှဝင်း



## မြန်မာတို့၏ရွှေနိုင်ငံ

- တောနှင့်တောင်စွယ်၊ လျှိုမြောင်သွယ်၍
  တင့်တယ်သာမော၊ သစ်ဝါးပေါလျက်
  လှသောမြန်မာ၊ အင်းအိုင်ဖြာတည့်
  ကြည်ပြာစိမ့်စမ်း၊ ဝန်းရံလွှမ်း၏။
- စေတီတန်ဆောင်း၊ ကျောင်းနှင့်ရေကန်
  ဗိမာန်တော်များ၊ တည်ကာထားလျက်
  ထင်ရှားကျော်မော်၊ ရှိန်လောင်းသော်တည့်
  ဂုဏ်ဖော်သတင်း၊ သောင်းထိပ်ဝင်း၏။
- ကိုယ်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းနှင့်
  စံမြန်းဘုရင်၊ ရာဇဝင်တို့
  သိမြင်သမိုင်း၊ တွေ့လေတိုင်းမှာ
  တုန္နှိုင်းထင်ပေါ်၊ မြန်ပြည်ကျော်၏။
- တွင်းထွက်ရတနာ၊ ပေါများပါလျက်
  မြန်မာပြည်ကြီး၊ နန်းရွှေထီးသို့
  စည်တီးအောင်မြေ၊ ရှေးအမွေနှင့်
  ထိန်ဝေအလှ၊ ပုံဖော်ပြ၍
  အကစုံလင်၊ တွေ့လျက်မြင်၏။
- ခင်တွယ်မြတ်နိုး၊ ပန်းဆယ်မျိုးတို့
  ရှေးရိုးမှန်စွာ၊ ဗိသုကာနှင့်
  မြန်မာဝေလွှ၊ မြန်မာငွေ့နှင့်
  ချမ်းမြေ့စိတ်ကြည်၊ ပြုံးပန်းတည်လျက်
  မြေဆီလယ်ယာ၊ ကိုင်းကျွန်းမှာလည်း
  ဝေဖြာသီးနှံ၊ ပြည့်ဖြိုးလျှံ၍
  ကျောက်သံပတ္တမြား၊ တွင်းထွက်များနှင့်
  စည်ကားဝေဆာ၊ အေးချမ်းသာသည်
  မြန်မာတို့၏ ရွှေနိုင်ငံ။ ။

ဂန္ဓဝင်ချစ်သူ

# ဟိုင်းကြီးကျွန်းမြို့မှ ရန်ကုန်မြို့သို့ ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ဆားမာ ပိဿာချိန် ၈၃၀၀၀ ကျော်တင်ပို့ရောင်းချနိုင်

ဟိုင်းကြီးကျွန်း မတ် ၉

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့မှ ရန်ကုန်မြို့သို့ ဖေဖော်ဝါရီလအတွင်း ငါးကွမ်းရှပ်ဆားမာ ပိဿာချိန် ၈၃၀၀၀ ကျော်တင်ပို့ရောင်းချနိုင်ကြောင်း ဟိုင်းကြီးကျွန်းမြို့ ငါးဆားမာရောင်းဝယ်ရေးလုပ်ငန်းစု လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ဟိုင်းကြီးကျွန်းမှထွက်ရှိသည့် ငါးကွမ်းရှပ်ဆားမာနှင့် ငါးကျိန်တလီဆားမာတို့ကို ရန်ကုန်မြို့၊ ရေးမြို့နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချလျက်ရှိရာ ဇန်နဝါရီလအတွင်း ငါးဆားမာပိဿာချိန် ၆၀၀၀၀ ကျော်အထိသာ တင်ပို့နိုင်ခဲ့သော်လည်း ဖေဖော်ဝါရီလအတွင်း ငါးဆိုက်စုံ ပိဿာချိန် ၈၃၀၀၀ ကျော်အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။

ယခုလက်ရှိတွင် ငါးဆားမာအရောင်းအဝယ်ကောင်းနေသည့်အတွက် ကုန်သည်များမှာအဆင်ပြေလျက်ရှိပြီး ပြည်တွင်းဈေးကွက်တွင်သာမကဘဲ ပြည်ပဈေးကွက်အထိပါ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်းသိရသည်။

(၄၀၇)

## MWD Education, Knowledge & Sports Channel ၁၀-၃-၂၀၂၆ (အင်္ဂါနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၁၀:၀၀ | မှ | ၁၁:၀၀ ထိ | ၂၀၂၆ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ | |
| | ၁၅:၀၀ | မှ | ၁၅:၃၀ ထိ | အထောက်အကူပြုသိကောင်းစရာများ | |
| | ၁၉:၀၀ | မှ | ၂၀:၀၀ ထိ | (မြန်မာစာဘာသာရပ်) | |
| ၂။ | ၂၀:၀၀ | မှ | ၂၁:၃၀ | တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း အနောက်မြောက်ယွန်းယွန်းမှသည် တိမ်ယံဆီသို့ (ပထမပိုင်း) | |

# မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့် မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်



မန္တလေး မတ် ၉

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာအနောက်ရပ်ကွက် အကွက်(၂၂၀) အောက်ကမ်းနားလမ်း၊ ၂၂ လမ်းနှင့် ၂၆ လမ်းကြားရှိမန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ သီရိမာလာဈေး ကုန်စိမ်းတန်း၌ ယနေ့ မွန်းလွဲပိုင်းတွင် မီးဘေးလုံခြုံရေးအသိပညာပေးဟောပြောပွဲနှင့်မီးဘေးလုံခြုံရေးဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သန်းဇော်နှင့်တာဝန်ရှိသူများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဇော်မျိုးထက်၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေကိုကိုပိုင်၊ လက်ထောက်မီးသတ်ဦးစီးမှူး ဦးခန့်မင်းထက်နှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦး၊ အရန်မီးသတ်တပ်ခွဲမှူး မောင်မောင်လတ်နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်၃၀ဦး၊ ဈေးတာဝန်ခံဦးမြင့်သော်ထွန်းနှင့်ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်သူနှင့်ရာအိမ်မှူးများ၊ စေတနာ၊ မေတ္တာ၊ ကရုဏာလူမှုကယ်ဆယ်ရေးအသင်းမှ အသင်းဝင်များ၊ ဈေးအကျိုးတော်ဆောင်များ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးဇော်မျိုးထက်က မီးဘေးလုံခြုံရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ဈေးသူ/ဈေးသားများ၊ ပြည်သူများအား မီးဘေးလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များဝေငှခြင်း၊ ဈေးအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

ဆက်လက်၍ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူးဦးဇော်မျိုးထက် ဦးဆောင်၍ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များမှ ဈေးဝန်ထမ်းများနှင့် ဈေးသူ/ဈေးသားများကို မီးသတ်ဆေးဘူးဖြင့် လက်တွေ့ကိုင်တွယ် မီးငြိမ်းသတ်ခြင်းအား သရုပ်ပြသပေးခြင်း၊ မီးဘေးအန္တရာယ်ကြုံတင်ကာကွယ်ရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် ပိတ်မိလူနာများအား အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများဆောင်ရွက်ကြောင်း သိရသည်။

(၄၀၂)

# ယခုနှစ်အတွင်း တနင်္သာရီကမ်းရိုးတန်းပင်လယ်ရေပြင်၌ အရှေ့တောင်အာရှသုတေသနရေယာဉ်ဖြင့် ငါးသယံဇာတသုတေသနပြုလုပ်ငန်းများ ဆောင်ရွက်မည်

ထားဝယ် မတ် ၉

ယခုနှစ်အတွင်း တနင်္သာရီကမ်းရိုးတန်းပင်လယ်ရေပြင်၌ အရှေ့တောင်အာရှသုတေသနရေယာဉ်ဖြင့် ငါးသယံဇာတသုတေသနပြုလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

တနင်္သာရီတိုင်းဒေသကြီးသည် ဂေဟစနစ်နှင့် ငါးသယံဇာတပေါကြွယ်ဝသောဒေသတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်စီစဉ်ခြင်းဖြစ်သည်။

"၂၀၁၈ ခုနှစ်ကရခဲ့တဲ့ ရလဒ်ကိုပဲ ပြန်ပြီးအတည်ပြုတာပါ။ ငါးတွေဘယ်လောက်ရှိနေသလဲ၊ ငါးမှာလည်း နှစ်မျိုးရှိတယ်။ ရေပေါ်မှာနေတဲ့ ပလာတူး၊ ပလာလမ် စတဲ့အရေးပါတဲ့ငါးတွေ၊ ဒီငါးတွေက သတ်မှတ်ထားတဲ့ရာသီချိန်မှာပဲ ပေါက်ပွားနေလား၊ ဒါမှမဟုတ် ပူနွေးလာတဲ့အတွက် သားပေါက်တဲ့ရာသီတွေ ရှေ့ကိုတိုးလာသလား၊ နောက်ကိုဆုတ်သွားသလား စတာတွေ ပြန်လုပ်မှာဖြစ်ပါတယ်"ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အလားတူ ပင်လယ်ရေပြင်၌ ပလတ်စတစ်ပါဝင်မှုနှုန်းထားကိုလည်း စစ်ဆေးမည်ဖြစ်ပြီး တွေ့ရှိရသည့် ပလတ်စတစ်အမျိုးအစားအလိုက်ခွဲခြား၍ ပလတ်စတစ်လျှော့ချရေးအစီအမံများကိုလည်း ဆောင်ရွက်မည်ဖြစ်သည်။

ယခုကဲ့သို့ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းသည် ငါးလုပ်ငန်းတစ်ခုတည်းအတွက်သာမက ငါးလုပ်ငန်းနှင့် ဆက်စပ်နေသည့် တခြားသုတေသနလုပ်ငန်းများကိုလည်း တစ်ပြိုင်တည်းလုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသုတေသနလုပ်ငန်းကို တနင်္သာရီကမ်းရိုးတန်း ပင်လယ်ရေပြင်၌ရှိသည့် ငါးနှင့် ငါးသယံဇာတနေထိုင်ကျက်စားသည့် ရေအောက်ဇီဝဗေဒသုတေသနအခြေအနေ ဆန်းစစ်သုတေသနပြုရန်၊ ငါးနှင့်ငါးသယံဇာတလုပ်ငန်းများကို စီမံခန့်ခွဲမှုပြုလုပ်ပြီး အထောက်အပံ့ပေးနိုင်ရန်နှင့် မြန်မာ့ရေပြင်၌ ငါးသယံဇာတများ ရေရှည်တည်တံ့နိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

"၂၀၁၈ ခုနှစ်က ပြုလုပ်ထားခဲ့တာကို ၂၀၂၆ ခုနှစ်မှာ ပြန်ပြီးအတည်ပြုတဲ့သဘောဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ၂၀၁၅ ခုနှစ်နဲ့ ၂၀၁၈ ခုနှစ်တွေမှာ နော်ဝေနိုင်ငံ သုတေသနရေယာဉ်နဲ့ မြန်မာ့ကမ်းရိုးတန်းမှာ ဆောင်ရွက်ထားတာတွေရှိခဲ့ဖူးပါတယ်။ အခုက ၂၀၂၆ ခုနှစ် ရှစ်နှစ်အကြာမှာ ထပ်မံပြုလုပ်တာပါ။ ဒီနှစ်မှာတော့ တနင်္သာရီကမ်းရိုးတန်းမှာပဲ ပြုလုပ်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တနင်္သာရီကမ်းရိုးတန်းပင်လယ်ရေပြင်၌ အရှေ့တောင်အာရှ ဖွံ့ဖြိုးတိုးတက်ရေးသုတေသနဗဟိုအဖွဲ့၏ သုတေသနရေယာဉ်ဖြင့် ရက်ပေါင်း ၃၀ ကြာမြင့်မည့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ဖြူဖြူ

❒ ရှေ့ဖုံးမှအဆက်

ဧပြီလ ၃ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခြေခံပညာအဆင့် အာကာသနည်းပညာအခြေခံနွေရာသီသင်တန်းဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာအာကာသအေဂျင်စီအမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ မြန်မာအာကာသအေဂျင်စီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘဝင်အေး၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာချိုချိုမြတ်အောင်နှင့် ဆရာ၊ ဆရာမများ၊ အခြေခံပညာကျောင်းများမှ သင်တန်းတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နောင်တစ်ချိန်တွင် အာကာသအင်ဂျင်နီယာ၊ ဂြိုဟ်တုပညာရှင်များ ဖြစ်လာနိုင်ကြောင်း၊ သင်တန်းတွင် အာကာသသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးအတွက် အခြေခံတည်ဆောက်မှုနည်းပညာများကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတက်ရောက်သူအားလုံးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာအာကာသအေဂျင်စီ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်က မြန်မာနိုင်ငံ၏ အာကာသနည်းပညာဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အာကာသနည်းပညာနှင့်ပတ်သက်၍ အနာဂတ်မျိုးဆက်သစ်များ မွေးထုတ်နိုင်စေရန် ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာအာကာသအေဂျင်စီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဘဝင်အေးက သင်ကြားမည့်ဘာသာရပ်များနှင့် သင်ကြားမည့်အစီအစဉ်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

နေကိုထိုက်

▼ ကျောဖုံးမှအဆက်

အနိုင်ရရှိထား၍ ယနေ့ပွဲ၌ နိုင်ပွဲတစ်ပွဲရရှိရေး နှစ်ဖက်အသင်းကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ကြသည်။

ပထမပိုင်းပွဲစသည်နှင့် ဒဂုံစတားယူနိုက်တက်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိသော်လည်း ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ လျင်မြန်သည့်တိုက်စစ်စွမ်းအားရှိသည့် သစ္စာအားမာန်အသင်း တန်ပြန်တိုက်စစ်မှတစ်ဆင့် ပြိုင်ဘက်ဂိုးဧရိယာအစပ်မှ ပြစ်ဒဏ်ဘောတစ်ကြိမ်ကန်သွင်းခွင့်ရခဲ့သလို မြတ်ဖုန်းခန့်ခေါင်းတိုက်သွင်းခွင့်တစ်ကြိမ်အခွင့်အရေးရခဲ့ပေမယ့် ဒဂုံစတားဂိုးသမားကာကွယ်နိုင်ခဲ့၍ ဦးဆောင်ဂိုးနှစ်နာခဲ့ရသည်။ အပြန်အလှန်တိုက်စစ်ဆင်ကစားကြရင်း ပွဲကစားချိန် ၁၁ မိနစ်တွင် မောင်မောင်ဝင်း၏ပေးပို့မှုကနေ မော်ကာလူးက ဒဂုံစတားယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးကိုသွင်းယူသွားသည်။

သစ္စာအားမာန်အသင်း ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး တိုက်စစ်မြှင့်ကစားလာခဲ့ရာ ပွဲကစားချိန် ၂၅ မိနစ်နှင့် ၃၆ မိနစ်တို့တွင် တိုက်စစ်မှူးစောမျိုးဇော်၏သေချာလောက်သည့် ဂိုးများကို ဒဂုံစတားယူနိုက်တက်အသင်း နောက်တန်းနှင့်ဂိုးသမားတို့ ဟန့်တားကာကွယ်နိုင်ခဲ့ပေမယ့် ပွဲကစားချိန် ၄၁ မိနစ်တွင် တိုက်စစ်မှူး ရှိုင်းဝဏ္ဏအောင်က ချေပဂိုးကိုသွင်းယူနိုင်ခဲ့၍ ပထမပိုင်းတစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးခဲ့သည်။

ဒုတိယပိုင်းပြန်စသည်နှင့် ဒဂုံစတားယူနိုက်တက်အသင်း လူစားလဲမှုများပြုလုပ်ပြီး တိုက်စစ်အားမြှင့်လာခဲ့သော်လည်း သေချာသည့်ဂိုးထပ်မံမရရှိခဲ့ပေ။ ပွဲကစားချိန် ၇၅ မိနစ်တွင် ရှိုင်းဝဏ္ဏအောင်က သစ္စာအားမာန်အသင်းအတွက် ဒုတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့၍ ပွဲကအပြောင်းအလဲတစ်ခုဖြစ်လာပြီး ပို၍အသက်ဝင်လာသည်။ ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးရရှိရေး တွန်းတွန်းတိုက်တိုက်ကစားခဲ့ရာ ပွဲကစားချိန် ၇၇ မိနစ်တွင် ထက်ဖြိုးဝေက ချေပဂိုးပြန်သွင်းနိုင်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီဖြင့်သရေကျခဲ့ပြီး လက်ကျန်ပွဲကစားချိန်များတွင် ဂိုးရလဒ်မပြောင်းဘဲ ပွဲပြီးဆုံးသွားခဲ့သည်။

ဝန်းရံခ

■ ချန်ပီယံဆုမှ

ပြိုင်ပွဲ၌ အသန့်ရှင်းဆုံးဆုရရှိသော YRG Academy FC အသင်းအား အမှတ်တရဆုနှင့်ဆုကြေးငွေကျပ် သုံးသိန်းကို ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီညွှန်ကြားရေးမှူး ဦးသန့်ဇင်ထွန်းက ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆုရရှိသည့် 7 Brother အသင်းမှ မင်းခန့်ချစ်အား အမှတ်တရဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်က ပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားဆုရရှိသည့် Galaxy FC မှ အာကာကျော်အား အမှတ်တရဆုနှင့် ဆုကြေးငွေကျပ်ငါးသိန်းကိုလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီဦးက စတုတ္ထဆုရရှိသည့် Maryar NOKA FC အသင်းအား ဆုကြေးငွေကျပ် ၁၀ သိန်းအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီဒုတိယဥက္ကဋ္ဌ ဦးဖြိုးမောင်မောင်က တတိယဆုရရှိသည့် ULAD FC အသင်းအား ဆုကြေးငွေကျပ် ၁၅ သိန်းနှင့် တစ်ဦးချင်းဆုတံဆိပ်များအားလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးကြည်မင်းသိန်းက ဒုတိယဆုရရှိသည့် 7 Brother FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် သိန်း ၃၀ အားလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် Century Beverage Co.,Ltd. မှ Managing Director ဦးစိုင်းဝင်းအောင်က ချန်ပီယံဆုရရှိသည့် Galaxy FC အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ဆုကြေးငွေကျပ်သိန်း ၅၀ အားပေးအပ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံးကော်မတီဥက္ကဋ္ဌ ဦးဝင်းသော်က ချန်ပီယံဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ဝန်းရံခ

# နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများ၏ အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်း အပိုင်း(၂)

မင်းခန့်

**ယမန်နေ့မှ အဆက်**

**တတိယမြောက် ရွေးချယ်စရာလမ်းကြောင်းကတော့ အစိုးရဝန်ထမ်းအဖြစ် မလုပ်ကိုင်လိုဘဲ ပြည်တွင်း၊ ပြည်ပ ပုဂ္ဂလိကကဏ္ဍတွေမှာ ဝင်ရောက်လုပ်ကိုင်လိုသူတွေအတွက် အလုပ်သမားဝန်ကြီးဌာနက ချိတ်ဆက်ဆောင်ရွက်ပေးမယ့် အစီအစဉ်ပဲဖြစ်ပါတယ်။** ဒီအစီအစဉ်အရ အလုပ်သမားဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)တို့ ပူးပေါင်းပြီး စစ်မှုထမ်းတာဝန်ပြီးဆုံးသူတွေကို ကုမ္ပဏီ၊ စက်ရုံ၊ အလုပ်ရုံတွေမှာ ဦးစားပေးခန့်အပ်သွားမှာဖြစ်ပါတယ်။ **တပ်မတော်ကနေ စနစ်တကျ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ ပြည်သူ့စစ်မှုထမ်းဟောင်းတွေရဲ့ စည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းနဲ့ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ခေါင်းဆောင်မှုနဲ့ စီမံခန့်ခွဲနိုင်မှုအပြင် ကိုယ်ကာယကြံ့ခိုင်မှုနဲ့ မှန်ကန်တဲ့ စိတ်ဓာတ်ရေးရာတွေဟာ ပုဂ္ဂလိကလုပ်ငန်းခွင်တွေအတွက် အလွန်တန်ဖိုးရှိလှတဲ့ လူသားအရင်းအမြစ်တွေပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း စီးပွားရေးလုပ်ငန်းရှင်ကြီးတွေက သူတို့ကို ဝမ်းပန်းတသာ လိုလိုလားလား လက်ကမ်းကြိုဆိုလျက်ရှိပါတယ်။** ဒါ့အပြင် အလုပ်သမားဝန်ကြီးဌာနနဲ့ ပြည်ပအလုပ်အကိုင်အကျိုးဆောင်အေဂျင်စီတွေပူးပေါင်းပြီး ပြည်ပနိုင်ငံတွေကို အလုပ်သမားစေလွှတ်တဲ့နေရာမှာလည်း စစ်မှုထမ်းတာဝန်ကျေပွန်ခဲ့သူတွေကို အထူးဦးစားပေး စေလွှတ်သွားဖို့ စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါတယ်။

ဒုတိယနဲ့တတိယလမ်းကြောင်းတွေကို ရွေးချယ်လိုကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက် **“စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးစီမံခန့်ခွဲမှုကော်မတီ”** က အထူးအစီအစဉ်တစ်ရပ်ကို စီစဉ်ပေးထားပါတယ်။ အဲဒီအစီအစဉ်ကတော့ အစိုးရဝန်ထမ်းအဖြစ်ဖြစ်စေ၊ ပုဂ္ဂလိကဝန်ထမ်းအဖြစ်ဖြစ်စေ ဝင်ရောက်လုပ်ကိုင်လိုသူတွေအနေနဲ့ မိမိတို့လုပ်ကိုင်မယ့် လုပ်ငန်းခွင်မှာအထောက်အကူဖြစ်စေမယ့် ခိုင်မာတဲ့ အတတ်ပညာတွေ တတ်မြောက်ထားဖို့အတွက် သင်တန်းတက်ရောက်ခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။ သူတို့တွေကို ဘက်စုံလွှမ်းခြုံနိုင်တဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ စနစ်တကျသင်ယူနိုင်အောင် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနဲ့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စတဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးပြီး နိုင်ငံတစ်ဝန်းမှာရှိတဲ့ သင်တန်းကျောင်းတွေမှာဖွင့်လှစ်မယ့် သင်တန်းအမျိုးအစားပေါင်း (၁၀၀) ကျော်မှာ တက်ရောက်ခွင့်ရရှိနိုင်ရေးကိုလည်း အသင့်ပြင်ဆင်ထားပြီးဖြစ်ပါတယ်။

ဒီသင်တန်းတွေကို ကာလတို၊ ကာလလတ်နဲ့ကာလရှည်ဆိုပြီး စနစ်တကျခွဲခြားသတ်မှတ်ပေးထားပါတယ်။ သင်ကြားပေးမယ့် ဘာသာရပ်တွေအနေနဲ့ကတော့ လျှပ်စစ်၊ စက်ပြင်၊ ဆောက်လုပ်ရေး၊ ဂဟေဆက်၊ ကွန်ပျူတာနဲ့ မိုဘိုင်းဖုန်းပြုပြင်ခြင်း စတဲ့ စက်မှုလက်မှုပညာရပ်တွေ ပါဝင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စိုက်ပျိုးမွေးမြူရေးနည်းပညာတွေ၊ ဟိုတယ်ဝန်ဆောင်မှုနဲ့ စီမံခန့်ခွဲမှုဆိုင်ရာပညာရပ်တွေအထိ ကျယ်ကျယ်ပြန့်ပြန့်ထည့်သွင်းသင်ကြားပေးသွားမှာဖြစ်ပါတယ်။ ဒီသင်တန်းအများစုကို နိုင်ငံတော်ကနေ စရိတ်ငြိမ်း တာဝန်ယူသင်ကြားပေးသွားမှာဖြစ်ပြီး နေထိုင်စားသောက်ရေးကိုပါ တစ်ပါတည်း အခမဲ့စီစဉ်ပေးသွားမှာဖြစ်လို့ ပြည်သူ့စစ်မှုထမ်းလူငယ်တွေအနေနဲ့ ဘဝတိုးတက်ရေးအတွက်ကို လက်လွတ်မခံသင့်တဲ့ အခွင့်အရေးကောင်းတစ်ရပ်ပဲဖြစ်ပါတယ်။




လျှော့ပေါ့ခွင့်ရရှိခဲ့သည့် တာဝန်ကျေပြည်သူ့စစ်မှုထမ်းများအား စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ထုတ်ပေးနေမှု။

ဒီသင်တန်းတွေရဲ့ အနှစ်သာရဟာ ရိုးရှင်းတဲ့အသက်မွေးဝမ်းကျောင်းပညာသင်ကြားပေးရုံသက်သက်ထက် များစွာ ပိုမိုနက်နဲကျယ်ပြန့်ပါတယ်။ နိုင်ငံတော်ကနေပြီး စနစ်တကျစီစဉ်ပေးထားတဲ့ လေ့ကျင့်သင်ကြားရေးအစီအစဉ်တွေကို အောင်မြင်စွာပြီးမြောက်သွားမယ့် လူငယ်တွေဟာ သာမန်လုပ်သား (Unskilled Labours) အဆင့်ကနေ လုပ်ငန်းခွင်မှာ လက်တွေ့ကျကျ ဦးဆောင်နိုင်စွမ်းရှိတဲ့ တန်ဖိုးမြင့်ကျွမ်းကျင်လုပ်သား (Skilled Labours)တွေအဖြစ် ဘဝအဆင့်အတန်းမြင့်မားစွာ ကူးပြောင်းရောက်ရှိသွားကြမှာဖြစ်ပါတယ်။ ဒီလိုကြီးမားတဲ့ရည်မှန်းချက်တွေ အောင်မြင်ပေါက်မြောက်စေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအဆင့်ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)နဲ့ မဟာဗျူဟာမြောက်ချိတ်ဆက်ပြီး အလေးထား ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကာလရှည် သင်တန်းဆင်းသူတွေ လက်ဝယ်ပိုင်ဆိုင်ရရှိမယ့် ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် (Certificate of Recognition) တွေဟာ ပြည်တွင်းမှာ သာမကဘဲ နိုင်ငံတကာအဆင့်မီ စံချိန်စံညွှန်းတွေနဲ့ပါ ကိုက်ညီမှုရှိစေဖို့ စနစ်တကျရေးဆွဲသတ်မှတ်ထားတာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ပနိုင်ငံတွေမှာ သွားရောက်အလုပ်လုပ်ကိုင်ဖို့ ရည်မှန်းချက်ရှိသူတွေအတွက်လည်း ဒီအသိအမှတ်ပြုလက်မှတ်ဟာ နိုင်ငံတကာအလုပ်အကိုင်ဈေးကွက်ဆီကို ယုံကြည်မှုရှိရှိ ဝင်ရောက်နိုင်မယ့် အသိအမှတ်ပြုလက်မှတ်များကို ရရှိစေမှာဖြစ်ပါတယ်။ တစ်နေ့တခြား ခေတ်မီဖွံ့ဖြိုးတိုးတက်လာတဲ့ စက်မှုဇုန်တွေ၊ အရှိန်အဟုန်နဲ့လည်ပတ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးတွေနဲ့ ဝန်ဆောင်မှုကဏ္ဍအသီးသီးမှာလိုအပ်နေတဲ့ လူ့စွမ်းအားအရင်းအမြစ်တွေကို ဘက်စုံလွှမ်းခြုံထားတဲ့ ဒီသင်တန်းဆင်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေက အကောင်းဆုံး ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ သူတို့တွေဟာ နိုင်ငံတော်ရဲ့ စီးပွားရေးမောင်းနှင်အားအတွက် အားအထားရဆုံးနဲ့ အဖိုးတန်ဆုံးသော လူသားအရင်းအမြစ်ကောင်းတွေ ဖြစ်လာကြမှာကတော့ အသေအချာပဲဖြစ်ပါတယ်။

**စတုတ္ထနှင့် နောက်ဆုံးလမ်းကြောင်းကတော့ စစ်သားကြီးလည်းမလုပ်ချင်၊ အစိုးရဝန်ထမ်းလည်း မလုပ်ချင်ဘဲ မိမိတို့ရဲ့ဇာတိချက်ကြွေမွေးရပ်မြေကို ပြန်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပါအဝင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လိုသူများကိုလည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့က အလုပ်အကိုင်အခွင့်အလမ်းများ ကူညီဖန်တီးပေးဖို့ အသင့်စောင့်ကြိုလျက်ရှိပါတယ်။** စစ်မှုထမ်းဆောင်မှု တာဝန်ကျေပွန်သူများအနေဖြင့် မိမိတို့ရဲ့ရပ်ရွာကို ပြန်လည်ရောက်ရှိချိန်မှာ ယခင်လက်ငုတ်လက်ရင်း အလုပ်အကိုင်သာမက လုပ်ငန်းအသစ် စတင်လုပ်ကိုင်လိုသူများအနေဖြင့် လိုအပ်မယ့်အရင်းအနှီးနဲ့ ချေးငွေများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက သတ်မှတ်ချက်များနဲ့အညီ ထုတ်ချေးပေးမှာဖြစ်သလို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းပညာများကိုပံ့ပိုးပေးသွားမှာဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ရာသတင်းကောင်း ကြားသိရပါတယ်။

ဒီလိုသတ်မှတ်ကာလ ပြည့်မြောက်အောင် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ပြည်သူ့စစ်မှုထမ်းတွေရဲ့ အနာဂတ်ခရီးလမ်းကို ဘက်ပေါင်းစုံက စီစဉ်ဆောင်ရွက်ပေးလျက်ရှိသလို သတ်မှတ်ကာလအတွင်း ကာကွယ်ရေးတာဝန်တွေကိုထမ်းဆောင်ရင်း ကိုယ်လက်အင်္ဂါထိခိုက်ဒဏ်ရာရရှိခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းတွေအတွက်ကိုလည်း လိုအပ်တဲ့ဆေးဝါးကုသမှုတွေကို အပြည့်အဝတာဝန်ယူ ကုသပေးလျက်ရှိပါတယ်။ ဆေးရုံတက်ရောက်ကုသနေစဉ်ကာလတစ်လျှောက်လုံးမှာ သူတို့ကို စစ်မှုထမ်းအဖြစ် ဆက်လက်သတ်မှတ်ထားပြီး လစာနဲ့စရိတ်ခံစားခွင့်တွေကို တစ်ပြားတစ်ချပ်မှ လျော့နည်းသွားခြင်းမရှိစေဘဲ အပြည့်အဝခံစားခွင့်ပြုထားပါတယ်။ ဒါ့အပြင် သူတို့ရဲ့ကျန်းမာရေးအခြေအနေနဲ့ ကိုက်ညီမှုရှိမယ့် ကွန်ပျူတာ၊ စက်ချုပ်၊ ဆံသနဲ့ အိမ်တွင်းလျှပ်စစ်ပစ္စည်းပြုပြင်ခြင်း စတဲ့ လက်တွေ့အသုံးဝင်မယ့် အသက်မွေးဝမ်းကျောင်းပညာရပ်တွေကိုလည်းသင်ကြားပေးပြီးဘဝရပ်တည်မှုခိုင်မာစေဖို့ စနစ်တကျစီမံပေးလျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံပိုင်စက်ရုံတွေ၊ ကုမ္ပဏီတွေနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေမှာ သူတို့ကျွမ်းကျင်မှုနဲ့ ကိုက်ညီမယ့် နေရာတွေမှာ ရွေးချယ်ပြီး တာဝန်ပေးခန့်အပ်သွားမှာဖြစ်တယ်လို့လည်း ကြားသိရပါတယ်။

**စာမျက်နှာ ၁၃ သို့**

**➤➤ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက် - စစ်ဘက် ဆက်ဆံရေးတိုးတက်ကောင်းမွန်စေရေး များစွာအထောက်အကူပြုမှာဖြစ် . . .**

**➤➤ ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက် လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာပါဝင်လာကြတော့မှာဖြစ် . . .**

❒ စာမျက်နှာ ၁၂ မှအဆက်

ဒီလိုမျိုး နိုင်ငံတော်အစိုးရနဲ့ တပ်မတော်ကနေ ပြည်သူ့စစ်မှုထမ်းတွေကို စတင်ဆင့်ခေါ်ချိန်ကစလို့ တာဝန်ပြီးဆုံးပြီး အိမ်အပြန် အနာဂတ်ခရီးလမ်းအထိ အစစအရာရာ စနစ်တကျ စီမံဆောင်ရွက်ပေးမှုတွေအပေါ် **ပြည်သူ့စစ်မှုထမ်းဟောင်းများအနေဖြင့် အထူးပဲကျေနပ်ဂုဏ်ယူကြလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ အမှန်စင်စစ်မှာတော့ ပြည်သူ့စစ်မှုထမ်းများဟာ သာမန်အရပ်သားလူငယ်ဘဝကနေ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး စုရပ်တွေကတစ်ဆင့် မွန်မြတ်လှတဲ့ တပ်မတော်သားဘဝကို ရောက်ရှိလာခဲ့ကြတာပဲဖြစ်ပါတယ်။ အဲဒီကနေတစ်ဆင့် စနစ်ကျတဲ့ ပြုစုပျိုးထောင် လေ့ကျင့်ပေးမှုတွေနဲ့အတူ အခက်အခဲတွေကို ဖြတ်သန်းကျော်လွှားခဲ့ကြပြီး သတ်မှတ်ကာလအတွင်းတာဝန်ထမ်းဆောင်ရင်း တပ်မတော်သားတွေရဲ့ ပင်ပန်းဆင်းရဲမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုနဲ့ ပေးဆပ်စွန့်လွှတ်မှုတွေကို ကိုယ်တိုင်ကိုယ်ကျ တွေ့ကြုံနားလည်ခဲ့ကြပြီပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ပြည်သူ့စစ်မှုထမ်းဟောင်းတွေအဖြစ်နဲ့ မိမိတို့ရဲ့ ဇာတိမြို့ရွာတွေကို ပြန်လည်ရောက်ရှိချိန်မှာ အရပ်ဘက်နဲ့ စစ်ဘက်အကြား အပြန်အလှန်ယုံကြည်နားလည်မှုကို တည်ဆောက်ပေးမယ့် ခိုင်မာတဲ့အင်အားတစ်ရပ်အနေနဲ့ ဂုဏ်ယူဖွယ်ပေါ်ထွန်းလာတော့မှာဖြစ်သလို လူမှုပတ်ဝန်းကျင်အလယ်ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်နိုင်ကြတော့မှာ ဖြစ်ပါတယ်။**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့က စတင်အသက်သွင်းခဲ့တဲ့ ဒီဥပဒေဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ တပ်မတော်သမိုင်းအတွက် ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တိုင်သစ် တစ်ခုဖြစ်ခဲ့ပါတယ်။ ဒီလိုဂုဏ်ယူဖွယ် သမိုင်းမှတ်ကျောက်တင်နိုင်ခဲ့ခြင်းဟာ မကြာမီ အိမ်ပြန်လာကြတော့မယ့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းလူငယ်တွေရဲ့ ကြီးမားလှတဲ့ စွမ်းဆောင်ချက်တွေကြောင့် ဆိုတာကို နိုင်ငံသားအားလုံးက ဂုဏ်ယူဝမ်းမြောက်စွာ အသိအမှတ်ပြုကြရမှာဖြစ်ပါတယ်။

ပြည်သူ့စစ်မှုထမ်းဥပဒေစတင်ကျင့်သုံးချိန်က နိုင်ငံတော်နှင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့ကြတဲ့နိုင်ငံများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များရဲ့ အပြုသဘောမဆောင်တဲ့ ဝေဖန်နှောင့်ယှက်မှုများကို အောင်ပွဲနဲ့အတူအိမ်ပြန်လာကြမယ့် ပြည်သူ့စစ်မှုထမ်းများဟာ အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပြီဖြစ်ပါတယ်၊ အထူးသဖြင့် ပြည်သူ့စစ်မှုထမ်းစစ်သည်တော်များရဲ့ ရဲစွမ်းသတ္တိနှင့် စိတ်ဓာတ်ခိုင်မာမှုကို အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များအနေနဲ့ လက်တွေ့ စစ်မြေပြင်မှာ နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ကြုံတွေ့နေကြရပါတယ်။ ဒါကြောင့်လည်း အကြမ်းဖက်သောင်းကျန်းသူများနှင့် နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသူတွေဟာ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးဟန့်တားလျက်ရှိပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ အခြေအမြစ်မရှိတဲ့သတင်းများဖြစ်တဲ့ ပြည်သူ့စစ်မှုထမ်းတက်ရောက်ရန် လူငယ်များကို အတင်းအဓမ္မဖမ်းယူခြင်းဆိုတဲ့ သတင်းအမှား၊ တာဝန်ပြီးဆုံးတဲ့ပြည်သူ့စစ်မှုထမ်းများအား အတင်းအဓမ္မတာဝန်ထမ်းဆောင်စေခြင်းနှင့် အမျိုးသမီးစစ်မှုထမ်းများ စာရင်းကောက်ယူခြင်းများဆိုတဲ့ သတင်းအတုတွေနဲ့ လူမှုကွန်ရက်တွေကတစ်ဆင့် လှုံ့ဆော်နှောင့်ယှက်လျက်ရှိပါတယ်။

ဒီလိုဝေဖန်ထိုးနှက် နှောင့်ယှက်မှုတွေကြားက ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခဲ့တဲ့ လူငယ်တွေဟာ နိုင်ငံတော်ရဲ့သမိုင်းစာမျက်နှာသစ်ကို ရဲရဲဝံ့ဝံ့ဖွင့်လှစ်ခဲ့ကြသူတွေဖြစ်ကြပါတယ်။ နှစ်နှစ်တာကာလအတွင်း သူတို့ရရှိခဲ့တဲ့ ရှားပါးလှတဲ့အတွေ့အကြုံ၊ သံမဏိလိုမျိုး စည်းကမ်းနှင့် ကြံ့ခိုင်တဲ့စိတ်ဓာတ်ခွန်အားတွေဟာ နောင်တစ်ချိန် သူတို့ရဲ့ဘဝတစ်သက်တာအတွက် တန်ဖိုးမဖြတ်နိုင်လောက်တဲ့ အရင်းအနှီးတွေဖြစ်လာမှာဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့လည်း ခိုင်မာတိကျတဲ့ အလုပ်အကိုင်ဖန်တီးပေးရေးစီမံချက်တွေ၊ လက်တွေ့ကျတဲ့အသက်မွေးဝမ်းကျောင်း သင်တန်းတွေအပြင် တိကျခိုင်မာတဲ့မူဝါဒတွေနဲ့ပါ နိုင်ငံ့သားကောင်းပြည်သူ့စစ်မှုထမ်းများအတွက် အိမ်အပြန်ဂုဏ်ယူဖွယ်ရာ အနာဂတ်ခရီးလမ်းကောင်းကို သာယာဖြောင့်ဖြူးစွာဖြင့် လျှောက်လှမ်းနိုင်ဖို့ ဘက်ပေါင်းစုံက စီမံဆောင်ရွက်ပေးနေခြင်းဖြစ်ပါတယ်။

ဒါကြောင့် **ပြည်သူ့စစ်မှုထမ်းဥပဒေဆိုတာ နိုင်ငံတော်ရဲ့ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်ပေးနိုင်ရုံသာမက အရပ်ဘက် - စစ်ဘက် ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရေး များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ ဒါ့အပြင် ပြည်သူ့စစ်မှုထမ်းတာဝန်ကို အောင်မြင်စွာ ထမ်းဆောင်ခဲ့ကြတဲ့ တာဝန်ကျေတဲ့ နိုင်ငံ့သားကောင်းလူငယ်တွေဟာ မကြာမီအချိန်အတွင်း အရပ်ဘက်လူ့ဘောင်အဖွဲ့အစည်းတွေဆီကို ဂုဏ်ယူဝင့်ကြွားစွာပြန်လည်ရောက်ရှိပြီး နိုင်ငံတော်တည်ဆောက်ရေး ကဏ္ဍအသီးသီးမှာ ခွန်အားသစ်တွေအဖြစ် တက်ကြွစွာ ပါဝင်လာကြတော့မှာဖြစ်ပါကြောင်း** ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ရေးသားတင်ပြလိုက်ရပါတယ်။ ။

## ကျေးသီးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်းဖွင့်လှစ်



**ကျေးသီး မတ် ၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့၌ နွေရာသီအခြေခံအားကစားသင်တန်း ဖွင့်ပွဲအခမ်းအနားကို မတ်လ ၈ ရက်နံနက် ၉ နာရီတွင် မြို့နယ်ဘောလုံးကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယ ဦးစီးဌာန ဦးစီးအရာရှိ ဦးနေနိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အသက် ၁၀ နှစ်မှ ၁၇ နှစ်အရွယ် လူငယ်များကို သင်ကြားပေးသွားမည်ဖြစ်ရာ သင်တန်းသား၊ သင်တန်းသူများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် လိုအပ်သည်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ စားပွဲတင်တင်းနစ်၊ Fitness Dance အခြေခံ အားကစားနည်းများကို မတ်လ ၈ ရက်မှ ၂၅ ရက်အထိနေ့စဉ် သင်ကြားပို့ချပေးသွားမည်ဖြစ်သည်၊ အခမ်းအနားသို့ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ စုစုပေါင်း ၉၅ ဦး တက်ရောက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌စိုက်ပျိုးထားသော နှမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ပွင့်ဖြူ မတ် ၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နှမ်းကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်း စားသုံးဆီဖူလုံစေရေး အထောက်အကူပြုစေရန်အတွက် နှမ်းစိုက်ကေ ၁၅၂၈၀ ထိ စိုက်ပျိုးနိုင်ခဲ့သည်။ အဆိုပါနှမ်းစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် နှမ်း ၈ ဒသမ ၇၀ တင်း ထွက်ရှိသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနသည် နှမ်းစိုက်တောင်သူများကို သီးနှံအထွက်နှုန်းကောင်းမွန်စေရန်အတွက်ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါအန္တရာယ်ကင်းရှင်းရေး၊ GAP စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ သီးနှံအချိန်မီ ရိတ်သိမ်းနည်းပညာများနှင့် ရိတ်သိမ်းပြီးသီးနှံများ စနစ်တကျထားသိုထိန်းသိမ်းရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးကြောင်း သိရသည်။

နှမ်းကိုတိုးချဲ့စိုက်ပျိုးပြီး အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးဆီဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် သီးနှံဝင်ငွေတိုးပွား၍ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်အောင် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## စက်သုံးဆီချွေတာသုံးစွဲရေးနှင့်ပတ်သက်သော အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းဆောင်ရွက်

**သဲကုန်း မတ် ၉**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် စက်သုံးဆီခြိုးခြံချွေတာသုံးစွဲနိုင်စေရန် ရည်ရွယ်၍ စက်သုံးဆီ ချွေတာသုံးစွဲရေးနှင့်ပတ်သက်သော အသိပညာပေး ဟောပြောခြင်းနှင့်အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းကို မတ်လ ၈ ရက်နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရပ်ကွက်(၄) ပေါက်တောရပ် မြသိန်းတန်ဘုရားအနီး ပုတီးကုန်း-သဲကုန်းသွားကားလမ်းပေါ်၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် သဲကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ မြို့မရဲစခန်း ခေတ္တစခန်းမှူး ဒုတိယရဲမှူးအေးမင်းစိုးနှင့် တာဝန်ရှိသူများက အဆိုပါလမ်းပေါ်တွင် ဖြတ်သန်းသွားလာသည့် မော်တော်ယာဉ်မောင်းနှင်သူများအား မြို့နယ်အတွင်း စက်သုံးဆီဖူလုံမှုရှိစေရန် ပုဂ္ဂလိကယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များနှင့် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လစဉ် "စုံ"ရက်နှင့် "မ"ရက် နံပါတ်အက္ခရာပါသော ယာဉ်များ၊ ပုဂ္ဂလိကပိုင်ယာဉ်များ မောင်းနှင်အသုံးပြုကြရန် အများပြည်သူများ လိုက်နာနိုင်ရေးအတွက် အသိပညာပေးဟောပြောသည်။

ဆက်လက်၍ စက်သုံးဆီချွေတာသုံးစွဲရေးနှင့်ပတ်သက်သော အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးကြောင်း သိရသည်။

**ကိုကျော်(သဲကုန်း)**

**တစ်အိမ်လုံးတွင်မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကိုပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။**

# တနင်္သာရီတိုင်းဒေသကြီးအဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

ထားဝယ် မတ် ၉

တနင်္သာရီတိုင်းဒေသကြီးအဆင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲကို မတ်လ ၉ ရက်တွင် ထားဝယ်မြို့ မြို့တော်ခန်းမ(၂) ၌ ကျင်းပသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကိုက တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့အောက်ရှိ လုပ်ငန်းကော်မတီများ သာမက တိုင်းဒေသကြီးအတွင်း ဌာနဆိုင်ရာများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်သော အသိပညာများတိုးပွားလာစေရန်၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အချင်းချင်းပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာစေရန် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီးသည် ပင်လယ်နှင့်ထိစပ်နေသော ကမ်းရိုးတန်းဒေသတစ်ခုဖြစ်သည့်အတွက် ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ဘေးအန္တရာယ်များကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုများကို နှေးကွေးစေသောအနေ့ာင့်အယှက်အဟန့်အတားများဖြစ်ကြောင်း၊ တိုင်းဒေသကြီးအနေဖြင့် သဘာဝဘေးအန္တရာယ်များကို ထိရောက်စွာတုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် ရပ်ကွက်/ကျေးရွာအဆင့်အထိ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာမှ တာဝန်ရှိသူများနှင့် လူမှုအဖွဲ့အစည်း အသီးသီးမှ သင်တန်းသားများတက်ရောက်ကြကြောင်း သိရသည်။

**ကျော်ကျော်လတ်**

# မြောက်ဥက္ကလာပမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးလျက်ရှိ



ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးခြင်းကို မတ်လ ၈ ရက်က မြောက်ဥက္ကလာပမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် သတ်မှတ်စုရပ်နေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ ပုံမှန်ကာကွယ်ဆေးများထိုးနှံတိုက်ကျွေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်းဦးဆောင်၍ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ရပ်ကွက်များမှ ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များအား ဘီစီဂျီ၊ အသည်းရောင်အသားဝါ(ဘီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဆုံဆို့-ကြက်ညှာ-မေးခိုင်-အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေးများကို အသက်အရွယ်၊ အပိုင်းအခြားအလိုက် ထိုးနှံတိုက်ကျွေးပေးလျက်ရှိပြီး မြို့နယ်အနေဖြင့် ပုံမှန်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို သတ်မှတ်စုရပ်နေရာများ၌ ဆက်လက်ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ဆန်စပါးကဏ္ဍပူးပေါင်းဆောင်ရွက်နိုင်ရန် MoU လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၉

မြန်မာ့စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ဆန်စပါးကဏ္ဍလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးထားကြောင်း မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ သိရသည်။

"နှစ်ဖက်အဖွဲ့အစည်းကြား ပိုမိုကောင်းမွန်တဲ့ စီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ဖို့ Young Entrepreneurs Society ရဲ့ အသင်းသားစုံညီအထွေထွေအစည်းအဝေးမှာ လက်မှတ်ရေးထိုးခဲ့ပါတယ်" ဟု မြန်မာနိုင်ငံလူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြန်မာ့စားသောက်ကုန်ထုတ်လုပ်ငန်းနှင့် ဆန်စပါးကဏ္ဍ ပူးပေါင်းလုပ်ဆောင်ရန် မြန်မာနိုင်ငံစားသောက်ကုန်ထုတ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းတို့ (MoU) ရေးထိုးလိုက်ခြင်းဖြစ်သည်။

အဆိုပါ MoU မှတစ်ဆင့် နှစ်ဖက်အဖွဲ့အစည်းကြား ပိုမိုကောင်းမွန်သောစီးပွားရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးချိတ်ဆက်မှုများ၊ ပူးတွဲအခမ်းအနားများ၊ အစီအစဉ်များနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာနိုင်ငံ လူငယ်ဆန်စပါးလုပ်ငန်းရှင်များအသင်းအနေဖြင့် ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ အပတ်စဉ် ဈေးကွက်ဆွေးနွေးပွဲများနှင့် နိုင်ငံတကာလေ့လာရေးခရီးစဉ်များ စသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဖြူဖြူ**

# ညောင်ရွှေမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ညောင်ရွှေ မတ် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အင်းပေါခုံကျေးရွာအုပ်စု ဟန်ချို့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ဆောင်ရွက်နေမှုကို မတ်လ ၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယုယုနှင့်ဝန်ထမ်းများက ဟန်ချို့ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေ ငွေကျပ် ၁၅ သန်းဖြင့် ပန်းပဲလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးသည်။

ထို့နောက် ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ဇော်လင်းသည် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ကျေးရွာလုပ်ငန်းအဖွဲ့၊ ပန်းပဲလုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်းအဖွဲ့များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် ဟန်ချို့ကျေးရွာ၌ ပန်းပဲလုပ်ငန်းဆောင်ရွက်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့နှစ်ဖွဲ့မှ အဖွဲ့ဝင် ၂၀ ဦးကို ရန်ပုံငွေ ငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသောမေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ

တံတားဦး မတ် ၉

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ဇီးပင်ကွေ့ကျေးရွာ၌ စိုက်ပျိုးထားသော မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရရှိ၍ ပန်းစိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဇီးပင်ကွေ့ကျေးရွာ၌ စားဖိုဆောင်သီးနှံများအပြင် မေမြို့ပန်းများနှင့် အောင်သပြေပန်းများကိုပါ စမ်းသပ်စိုက်ပျိုးလာကြရာ လက်ရှိတွင် ပန်းများလှိုင်လှိုင်ထွက်ရှိနေပြီဖြစ်သည်။

မေမြို့ပန်းများစိုက်ပျိုးရာတွင် မြေပွ၍ သဲနုန်းဆန်သည့်မြေဆီလွှာကို ပို၍နှစ်သက်ပြီး အထွက်နှုန်းလည်းကောင်းမွန်သဖြင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးသူများပြားလာကြောင်း၊ ပန်းစည်းတစ်စည်းလျှင် ၁၀ ပွင့်ပါရှိကာ ဈေးကောင်းရရှိသဖြင့် ပန်းစိုက်ပျိုးသူများ မိသားစုအပိုဝင်ငွေရရှိကြောင်း သိရသည်။

ယခုအချိန်သည် နေအလွန်ပူပြင်းသဖြင့် အဖူး၊ အပွင့်လေးများ နေမလောင်စေရန် အထူးဂရုပြုစိုက်ပျိုးရကြောင်း၊ နေအပူရှိန်ပြင်းချိန်တွင် ရေမလောင်းရဘဲ ညနေခင်းနေအေးချိန် အပူရှိန်ကျမှသာ ရေလောင်းပေးခြင်း၊ ပေါင်းရှင်းပေးခြင်း၊ ပိုးမွှားများဖယ်ရှားရှင်းလင်းပေးခြင်း၊ ဆေးဖျန်းပေးခြင်းများကို ဆောင်ရွက်ပေးရကြောင်း သိရသည်။



တံတားဦးမြို့နယ်မှ ထွက်ရှိသော မေမြို့ပန်းများကို ဝယ်လက်များက စိုက်ခင်းများအထိ လာရောက်ဝယ်ယူကြောင်းနှင့် ပိုလျှံသောပန်းများကို တံတားဦးမြို့မဈေးအပြင် တခြားသော မြို့ကြီးများသို့လည်း တင်ပို့ရောင်းချကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီခြိုးခြံချွေတာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မြစ်ကြီးနား မတ် ၉

ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်သည်မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင်ပြည်နယ်အတွင်း စက်သုံးဆီဖူလုံမှုရှိစေရေးအတွက် စက်သုံးဆီခြိုးခြံချွေတာနိုင်ရေး၊ ညွှန်ကြားချက်များနှင့်အညီ ရောင်းချနိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်အသေးစားနှင့် အလတ်စား စက်သုံးဆီဆိုင်ရာလုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်း၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က စက်သုံးဆီလိုအပ်ချက်အတွက် 92RON-၁၅၀၀၀၀ ဂါလန်၊ PHSD-458820 ဂါလန်နှင့် သံပုရာကန်ဆီ ၁၁၃၁၅၀ ဂါလန် မကြာမီအချိန်အတွင်း ပြည်နယ်သို့ ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း၊ ယနေ့ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့်အတိုင်း စက်သုံးဆီများ ဝယ်ယူစုဆောင်းခြင်းနှင့် ဈေးနှုန်းမြှင့်တင်၍ ရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်၊ စည်းကမ်းသတ်မှတ်ချက်များကို အထူးအလေးထားလိုက်နာရန် လိုအပ်ပြီး ဖောက်ဖျက်ကျူးလွန်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို သိရှိနားလည်ထားရန် လိုအပ်ကြောင်း၊ ထို့ပြင် စွမ်းအင်ဝန်ကြီးဌာနမှလည်း ဆီလက်ကျန်ရှိပြီး အရောင်းရပ်ထားပါက အရောင်းဆိုင်လိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမည်ဖြစ်ကြောင်းကို ကြေညာထားမှုကိုလည်း သိရှိလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက်ပြည်နယ်စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က စက်သုံးဆီဖူလုံမှုရှိစေရေးနှင့် ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရောင်းချနိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့မှုများအပေါ် တွေ့ရှိချက်များနှင့် အလေးထားလိုက်နာဆောင်ရွက်ကြရမည့် ကြေညာချက်များကိုလည်းကောင်း၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးစိုင်းကြည်ရွှင်က ပြည်နယ်အတွင်း စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ခွင့်ပြုချက်ချထားပေးနေမှုအခြေအနေများ၊ စက်သုံးဆီလက်ခံရရှိမှု၊ ဖြန့်ဝေပေးနေမှုနှင့် ကြေညာချက်များနှင့်အညီ ရောင်းချခြင်းရှိ/ မရှိ စစ်ဆေးဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ပြည်နယ်စက်သုံးဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အသေးစား၊ အလတ်စားစက်သုံးဆီဆိုင်ရာ လုပ်ငန်းကော်မတီ တာဝန်ရှိသူများ၊ စက်သုံးဆီအရောင်းဆိုင်လုပ်ငန်းရှင်များက စက်သုံးဆီဖူလုံစေရေးအတွက် လိုက်နာဆောင်ရွက်သွားမည့်အခြေအနေများနှင့် အကြံပြုချက်များကို အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က စက်သုံးဆီဖူလုံစေရေးအတွက် ဆွေးနွေးအကြံပြုချက်များကို အထူးကျေးဇူးတင်ရှိကြောင်း၊ အများပြည်သူအခက်အခဲမဖြစ်ပေါ်စေရေး သတ်မှတ်စည်းကမ်းများအပေါ် အလေးထားလိုက်နာပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။**ပြည်နယ် (ပြန်/ဆက်)**

# ကရင်ပြည်နယ် ဘားအံမြို့၌ သက်မွေးပညာကာလတိုသင်တန်းများဆင်းပွဲကျင်းပ



ဘားအံ မတ် ၉

ကရင်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်း ကော်မတီက ကြီးမှူး၍ နွေရာသီ ကျောင်းအားလပ်ရက်များတွင် ဖွင့်လှစ်သည့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သက်မွေးပညာ ကာလတိုသင်တန်းများဆင်းပွဲကို ယနေ့နံနက် ၈ နာရီတွင် အစိုးရနည်းပညာအထက်တန်းကျောင်း နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းမှသင်ကြားပေးသော အသိပညာ၊ အတတ်ပညာများဖြင့် ရပ်တန့်မနေဘဲ ကျွမ်းကျင်ပညာရှင်များထုတ်ဝေထားသော စာအုပ်များ၊ Online လေ့ကျင့်ခန်းများ၊ အတွေ့အကြုံဝေမျှသည့် Website များ၊ You Tube Channel များ စသည့်လက်လှမ်းမီရာဖြင့် စာတွေ့၊ လက်တွေ့များကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားရန် လိုကြောင်း၊ သင်ယူရရှိခဲ့သည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို အသုံးချပြီး မိမိတတ်ကျွမ်းသည့် ပညာရပ်များဖြင့် မိမိရပ်ရွာအကျိုး၊ မိမိဒေသအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားပြီး အခြေခံစက်ချုပ်သင်တန်းတွင် သင်တန်းထူးချွန်အထူးဆုရရှိသော သင်တန်းသူတစ်ဦးအား အပ်ချုပ်စက်တစ်လုံးနှင့်ဆက်စပ်ပစ္စည်းများ၊ အခြေခံကွန်ပျူတာသင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ အခြေခံ အိမ်တွင်းလျှပ်စစ်ဝိုင်ယာသွယ်တန်းခြင်းနှင့် ဆိုလာတပ်ဆင်ခြင်းသင်တန်းတို့တွင် သင်တန်းထူးချွန်ပထမဆုရရှိကြသူများကို ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းထူးချွန် ဒုတိယဆုနှင့် တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြပြီး သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအားပေးစကားပြောကြားကာ သင်တန်းဆင်းသင်တန်းသား၊ သင်တန်းသူများကိုယ်တိုင်ဆောင်ရွက်ထားသော လက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ် ထည့်သွင်းအသုံးပြုနိုင်ရေးသင်တန်းဖွင့်လှစ်



မန္တလေး မတ် ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန မန္တလေးတိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှကျင်းပသော မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ်ထည့်သွင်းအသုံးပြုနိုင်ရေးသင်တန်းဖွင့်ပွဲကို ယနေ့နံနက်၉ နာရီတွင်တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးညွှန့်ဝင်းက ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနသည် စာရင်း၊ မြေပုံများကို ကိုင်တွယ်ထိန်းသိမ်း ဆောင်ရွက်ရသည့်ဌာနဖြစ်သည့်အတွက် ဌာနမှထိန်းသိမ်းထားသည့် မြေပုံနှင့် မှတ်ပုံတင်စာရင်းများအား စာရင်းမြေပုံကောက်နုတ်ချက်မိတ္တူရေးကူးပေးရန် လျှောက်ထားလာပါက မြေစာရင်းပုံစံ (၁၀၅) နှင့် မြေရာဇဝင် (၁၀၆) တို့ကို တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ရေးကူးဆောင်ရွက်ပေးရကြောင်း။

မြေစာရင်းပုံစံ (၁၀၅/၁၀၆) ပေါ်တွင် QR Code စနစ်ထည့်သွင်းအသုံးပြုခြင်းကို Internet Access ရရှိသည့် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးများ အားလုံးတွင် ၂၀၂၆ ခုနှစ် ဧပြီလ ၁ ရက်မှ စတင်၍ အသုံးပြုရမည်ဖြစ်ပြီး ကျန်မြို့နယ်ရုံးများသည် ယခင်ထုတ်ပေးထားသည့် နည်းလမ်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (ရုံးချုပ်) မြေစာရင်း၊ မြေတိုင်းနှင့် ပုံနှိပ်ဌာနခွဲမှ ဦးစီးအရာရှိဦးကိုကိုအောင်မျိုးညွှန့်က မြေစာရင်းပုံစံ (၁၀၅/၁၀၆) QR Code စနစ်ထည့်သွင်းအသုံးပြုခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၄ မြို့နယ်မှ သင်တန်းသား ၆၉ ဦး တက်ရောက်ကြပြီး သင်တန်းကို နှစ်ရက်ကြာသင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့်
Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။

# ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော်  မတ်  ၉

၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခု ရွေးချယ်ခံရသည့် လူရည်ချွန်များကိုလည်း သတင်းစာများတွင် နာမည်အလိုက်ထည့်သွင်း ကြေညာထားပြီးဖြစ်ကြောင်း၊ လူရည်ချွန်များရွေးချယ်ရာ၌ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍများတွင် ရွေးချယ်ခဲ့ကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နဝမတန်း ကျောင်းသား၊ ကျောင်းသူ ၉၆ ဦး၊



ဒသမတန်း ကျောင်းသား၊ ကျောင်းသူ ၁၃၂ ဦး၊ ကောဒသမ ကျောင်းသား၊ ကျောင်းသူ ၁၃၃ ဦး၊ ဒွါဒသမ ကျောင်းသား၊ ကျောင်းသူ ၉၉ ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၄၆၀ ဦးကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနအနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပထမနှစ်လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၁၄၈ ဦးနှင့် ဒုတိယနှစ်လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၁၄၃ ဦး စုစုပေါင်း လူရည်ချွန် ကျောင်းသား၊ ကျောင်းသူ ၂၉၁ ဦးတို့ကို သတင်းစာတွင် ဆက်လက်ထုတ်ပြန်လျက်ရှိကြောင်း၊ တက်ရောက်လာကြသူများအနေဖြင့် လူရည်ချွန်စခန်းများရွေးချယ်သတ်မှတ်နိုင်ရေးဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီအတွင်းရေးမှူး(၁) အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်ဦးနှင့် လူရည်ချွန်စီမံကိန်းဗဟိုကော်မတီ အတွင်းရေးမှူး(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က လူရည်ချွန်စီမံကိန်း ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်တို့က ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ် နဝမတန်း၊ ဒသမတန်း၊ ကောဒသမတန်းနှင့်ဒွါဒသမတန်းလူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပထမနှစ်နှင့် ဒုတိယနှစ်လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများကို လူရည်ချွန်စခန်းအသီးသီးသို့စေလွှတ်နိုင်ရေးအတွက် လူရည်ချွန်စခန်းများသတ်မှတ်ခြင်း၊ နိုင်ငံတော်အကြီးအကဲ ဩဝါဒခံယူပွဲအတွက် ဆွေးနွေးခြင်းနှင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ကူညီပံ့ပိုးပေးနိုင်သည့်လုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လူရည်ချွန်စီမံကိန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးက အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော်  မတ်  ၉

သက်ကြီးပုဂ္ဂိုလ်များတွေ့ဆုံဆွေးနွေးခြင်းအလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် အမရာဟိုတယ်၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက သက်ကြီးပုဂ္ဂိုလ်များ၏စကားသံများကိုနားထောင်ပြီး လိုအပ်သောပံ့ပိုးမှုများဆောင်ရွက်နိုင်စေရန်၊ လူ့အဖွဲ့အစည်းအတွင်း သက်ကြီးပုဂ္ဂိုလ်များပါဝင်ဆောင်ရွက်ခွင့်ရရှိနိုင်စေရန်၊ သက်ကြီးပုဂ္ဂိုလ်များအပေါ်အလေးထားမှုကို ပြသနိုင်စေရန်နှင့် သက်ကြီးများအချင်းချင်းတွေ့ဆုံခြင်းဖြင့် အတွေ့အကြုံများ မျှဝေနိုင်စေရန် ရည်ရွယ်၍ အလုပ်ရုံဆွေးနွေးပွဲများကို ရန်ကုန်မြို့၌ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်တွင်လည်းကောင်း၊ မန္တလေးမြို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင်လည်းကောင်း ကျင်းပခဲ့ပြီး ယခုနေပြည်တော်၌ တတိယအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် သက်ကြီးပုဂ္ဂိုလ်များစောင့်ရှောက်ရေးလုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ သက်ကြီးသူချင်းကူညီစောင့်ရှောက်ရေးအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် သက်ကြီးပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ လူမှုအသိုင်းအဝိုင်းအတွင်း သက်ကြီးပုဂ္ဂိုလ်များအားစောင့်ရှောက်မှု၊ အခြေခံပံ့ပိုးမှုများအပေါ် လက်လှမ်းမီမှုနှင့် အတွေ့အကြုံများကို အုပ်စုလိုက်ဆွေးနွေးခြင်းများကိုဆောင်ရွက်ကြောင်း သိရသည်။

မြဝတီ

# ပြည်သူတို့အတွက် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်

နေပြည်တော်  မတ်  ၉

EV Mechanics သင်တန်း (၁/၂၀၂၆) ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)၌ Hybrid စနစ်ဖြင့် ကျင်းပရာ လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက ပြည်သူများ EV သုံးစွဲမှု သိသာစွာတစ်ရှိန်ထိုးမြင့်တက်လာရာ ဘေးအန္တရာယ်ကင်းရှင်းစွာ သက်တမ်းပြည့်သုံးစွဲနိုင်ရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နည်းပညာအရည်အသွေးပြည့်ဝရန်နှင့် သတ်မှတ်စံချိန်စံညွှန်းများအတိုင်းပြုပြင်နိုင်ရန်တို့သည် အခရာကျလျက်ရှိကြောင်း၊ သို့ဖြစ်၍ သင်တန်းသားများသည် ပြည်သူတို့အတွက် အမှန်တကယ်အကျိုးပြုနိုင်မည့် EV Mechanics များ ဖြစ်စေရေး သင်တန်းကာလအတွင်း စိတ်ရောကိုယ်ပါနှစ်မြှုပ်ကာ ကျားကုတ်ကျားခဲကြိုးပမ်းလေ့ကျင့်ကြရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားသည်။

သင်တန်းသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ EV ကုမ္ပဏီများနှင့်ကားဝပ်ရှော့များမှ သင်တန်းသား ၁၇ ဦး၊ ပြည်သူ သုံးဦးနှင့် ဌာနဆိုင်ရာသင်တန်းသား ငါးဦး တက်ရောက်ပြီး ကွန်ပျူတာနှင့်အဆင့်မြင့် သင်ထောက်ကူမော်ကျူးများအသုံးပြုကာ EV Mechanics တစ်ဦးမဖြစ်မနေကျွမ်းကျင်တတ်မြောက်ရမည့် နည်းပညာများဆိုင်ရာ လက်တွေ့လုပ်ငန်းများကို သင်တန်းကာလ ငါးရက်ဖြင့် လေ့ကျင့်သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းကော်မတီသည် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)နှင့်နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တို့တွင်လည်း စံနှုန်းများပြည့်မီစွာ သတ်မှတ်သင်တန်းချိန်များအတိုင်း ဖွင့်လှစ်လျက်ရှိရာ EV Training of Trainers သင်တန်းချိန်နာရီ ၁၈၀၊ EV Maintenance သင်တန်းချိန်နာရီ ၉၀၊ EV နည်းပညာဆင့်ပွားသင်တန်းချိန်နာရီ ၆၀၊ EV Mechanics သင်တန်းချိန်နာရီ ၃၀၊ EV Inspection သင်တန်းချိန် ၂၄ နာရီ၊ EV Diagnostics သင်တန်းချိန် ၁၈ နာရီတို့အပြင် ပြည်သူများအတွက် EV နည်းပညာလိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် သင်တန်းသား၏ တက်ရောက်နိုင်မှုနှင့် တက်ရောက်လိုသည့် နည်းပညာတို့အပေါ်မူတည်၍ စိတ်ကြိုက်သင်တန်းများကိုပါ စဉ်ဆက်မပြတ်တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြဝတီ

**အများအားဖြင့် သာယာမည်**

နေပြည်တော်  မတ်  ၉

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရေဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **(မိုး/ဇလ)**

# တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် ကြည့်ရှု



မုံရွာ မတ် ၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကျော်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် တိုင်းဒေသကြီးလွှတ်တော်ရုံးမှတာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်များ ကြိုပို့သွားလာရေးကြိုတင်စီမံဆောင်ရွက်ထားရှိမှု၊ တည်းခိုနေရာချထားသွားမည့် အိပ်ဆောင်များ၊ ထမင်းစားဆောင်နှင့်လွှတ်တော်ဝင်းအတွင်း သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှု၊ လွှတ်တော်ကိုယ်စားလှယ်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှု၊ တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးများ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်ရုံးလုပ်ငန်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်သည် လွှတ်တော်အစည်းအဝေးခန်းမ၊ လွှတ်တော်ကိုယ်စားလှယ်များနားနေခန်း၊ ရုံးခန်းများ၊ အိပ်ဆောင်များနှင့် ထမင်းစားအဆောင်တို့ကို ကြည့်ရှုပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည်တာဝန်ရှိသူများနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီအစည်းအဝေး(၃/၂၀၂၆) သို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနရုံး တိုင်းဒေသကြီးဦးစီးမှူးက ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၆)၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ ယခုအစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုပေးရမည့်ကိစ္စရပ်များနှင့် တိုင်းဒေသကြီးအတွင်း ခရီးသွားဝင်ရောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အကြံပြုဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူတပ်နယ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသင်တန်းများဖွင့်လှစ်

နေပြည်တော် မတ် ၉

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ငူတပ်နယ်ကွပ်ကဲမှုအောက် တပ်ရင်း/ တပ်ဖွဲ့များမှ တပ်မတော်သားမိသားစုဝင် ကျောင်းသား/ ကျောင်းသူများအနေဖြင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးအတွက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စကားပြောအခြေခံ/အဆင့်မြင့်သင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်းနှင့် မြန်မာ့သိုင်းအခြေခံသင်တန်းများဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲသို့ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များက သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါသင်တန်းများတွင် နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၆၇ ဦး၊ အင်္ဂလိပ်စကားပြော(အခြေခံ/အဆင့်မြင့်)သင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၅၁ ဦး၊ ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၈ ဦး၊ မြန်မာ့သိုင်းအခြေခံသင်တန်းကို သင်တန်းသား/သင်တန်းသူ ၅၅ ဦး တို့ဖြင့် ဧပြီလ ၃ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး နွေရာသီသင်တန်းများတက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကျင်းပ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုး (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။

နေပြည်တော် မတ် ၉

၂၀၂၆ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၈၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများက စာမေးပွဲဖြေဆိုနေသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ စစ်သည်တော်ကျင့်ဝတ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် ၁၂၆ ဦး ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့်အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”** အစီအစဉ်မှ **“အကြမ်းဖက်တွေရဲ့ နွေဦးတော်လှန်ရေးခေါင်းစဉ်အောက်မှာ သာသနာ့ဝန်ထမ်း ဘုရားသားသမီးတွေရဲ့ ဆွမ်းခံခရီးတောင်အန္တရာယ်မကင်းတော့ပြီလား”** ခေါင်းစဉ်ဖြင့် ၁၁-၃-၂၀၂၆ ရက်မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၈-၃-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“ရွေးကောက်ပွဲပြီးလို့ လွှတ်တော်ပေါ် အာဏာလွှဲဖို့လုပ်နေချိန်မှာ ဘာလုပ်ရမှန်းမသိ ကြောင်ပျောက်နေတဲ့ NUG၊ PDF”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီ အချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Zalun Township sees better trading of sweet corns at domestic market



ZALUN March 9

Sweet corns produced by Zalun Township of Ayeyawady Region is in high demand at the domestic market, said Daw Mi Mi Htay, the owner of agricultural produce trading depot in Zalun Township.

In Zalun Township, demand for sweet corn has been strong and trading has remained brisk from the first week of January this year up to the present. The increase in demand is reportedly due to stronger purchasing of locally produced sweet corn by Pathein and other regions.

"Locally produced sweet corn is seeing strong demand not only in the local market but also from other regions. Demand has increased noticeably since around the first week of May. Along with stronger demand, prices have also improved slightly. The Yangon market is purchasing locally produced sweet corn, and as output of pulses has declined, demand has increased and sales have been active," said Daw Mi Mi Htay, an agricultural produce trader from Zalun Township.

Agricultural produce traders in Zalun Township reportedly purchase locally produced sweet corn and redistribute it to the Yangon market using cargo trucks. These locally produced sweet corn ears are free from pests, and market prices range from Ks-32,000 to Ks-40,000 per 100 ears. **SMK**

# Phaungpyin Township grows more than 3,000 acres of vegetables

PHAUNGPYIN March 9

A total of 3,910 acres of vegetables were planted on the cropland in Phaungpyin Township of Sagaing Region, according to the Mawlaik District Agriculture Department.

In 2025-2026 cold season crop cultivation period, local authorities earmarked cultivation of 3,906 acres of vegetables in Phaungpyin Township but local farmers have so far planted 3,910 acres of crops, exceeding the target cultivation.

"In Phaungpyin Township, during the winter crop cultivation season, 3,906 acres were earmarked for vegetable cultivation, and a total of 3,910 acres were successfully planted. Cultivation exceeded the original target acreage. The crops grown include mustard greens, chilli, Chinese cabbage, cauliflower, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers are provided with technical guidance to ensure that all vegetables are cultivated using the GAP (Good Agricultural Practices) system. Technical support is also being given so that all vegetables are grown in a health-compliant manner with minimal chemical residues," said Daw Kywe Kywe Hlaing, Head of the Mawlaik District Department of Agriculture.

In Phaungpyin Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting efforts to expand vegetable cultivation.

Vegetables of various types are grown seasonally each year in Phaungpyin Township. These crops have been producing good yields, enabling farmers to earn household income. The Township Department of Agriculture is also providing farmers intending to grow vegetables with education and guidance on proper cultivation methods, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions. **SK**

# Merchants send large volume of featherback fish to Yangon market



LABUTTA March 9

Local merchants from Labutta Township of Ayeyawady Region dispatched a large volume of featherback fish to Yangon market within one month, said Daw Khin Htay, the owner of fishery product trading commodity in Labutta Township.

Fisheries traders in Labutta Township are systematically inspecting featherback fish before transporting and selling them to the Yangon market. About 72,000 viss of featherback fish were exported and sold to the Yangon market.

"Over the past month, shipments of featherback fish to the Yangon market have been strong. During that period, more than 72,000 viss of featherback fish were transported and sold. These are high-quality fish. Demand from the Yangon market remains strong even into March. As larger volumes of fish are being shipped, everyone involved in the fisheries sector is seeing improved conditions," said Daw Khin Htay.

Featherback fish from Labutta Township sold in the Yangon market are currently priced between Ks-15,500 and Ks-22,000 per viss. Due to increased shipments of fisheries products from the area to the Yangon market, fish-drying business owners, fishermen, and fish-drying workers are also reported to be benefiting. **SK**

# Homalin Township plants more than 8,000 acres of kidney bean this cold season

HOMALIN March 9

Statistics of Homalin Township Agriculture Department stated that local farmers planted 8,020 acres of kidney bean as cold season crops in Homalin Township of Sagaing Region this year.

During the 2025-2026 winter crop season, Homalin Township has earmarked 9,497 acres for the cultivation of kidney beans. Planting began in October 2025, and to date, 8,020 acres have already been planted, according to reports.

In Homalin Township, the Department of Agriculture is carrying out awareness-raising activities to help kidney bean farmers expand their cultivated acreage, improve yields, adopt Good Agricultural Practices (GAP), use quality and pure seeds, and grow high-yielding varieties.

Crops cultivated using GAP methods are reported to have better quality than those grown using other methods, fetch higher prices, and meet standards suitable not only for domestic markets but also for export markets. As a result, farmers adopting these methods are expected to achieve greater economic benefits. **SMK**

# More than 24,000 acres of groundnut planted in Mingin Township



MINGIN March 9

Statistics of Mingin Township Agriculture Department in Sagaing Region stated that local farmers planted 24,105 acres of groundnut as cold season crops in the township this year.

During the 2025-2026 winter crop cultivation season, Mingin Township earmarked 24,558 acres for groundnut cultivation. Planting began in October 2025, and as of today, 24,105 acres have already been planted.

"In Mingin Township, groundnuts were planned to be cultivated on 24,558 acres, and planting has been completed on 24,105 acres. Groundnut cultivation has been successful and is progressing well. As an oilseed crop, it is in a favorable condition, and groundnut cultivation has been improving year by year," said Daw Hayman Kyaw Win, Township Head of the Mingin Township Department of Agriculture.

In Mingin Township, groundnut cultivation requires one and a half baskets of seed per acre. Including the costs of seed, labor, fertilizer, and pesticides, production costs exceed Ks-200,000 per acre. Yields are reported to be more than 50 baskets per acre.

To ensure successful crop development and to prevent pest and disease infestations and weed growth, staff members from the Township Department of Agriculture are conducting field inspections of groundnut farms and collecting monitoring and survey records.

**SK**

# Traders sell over 70,000 bags of bran to Yangon market

BOGALE March 9

Local merchants from Bogale Township in Ayeyawady Region dispatched 72,000 bags of bran to Yangon market said Daw Moe Thuza, the owner of rice and paddy trading wholesale in Bogale Township.

In Bogale Township, up to 72,000 bags were exported and sold. The bran is primarily used domestically as feed for fish, chickens, pigs, and ducks in livestock and aquaculture operations.

"Over the past month, up to 72,000 bags of bran containing 24 pyi each were exported and sold to the Yangon market. Bran is a byproduct obtained from milling rice, and domestically it is mainly used as animal feed. There is also demand in foreign markets. Currently, the new rice harvest is still low, so bran output is also limited. Even now, buyers from Yangon are actively purchasing bran. Because livestock and aquaculture businesses are operating competitively, the Yangon market is seeing strong sales of these bran bags. With high demand, farmers and mill workers are able to carry out their work smoothly," said Daw Moe Thuza.

Most of the bran produced in Bogale Township is purchased by local livestock and aquaculture operators, while some is exported to the Yangon market. Prices for 100 bags of bran have reached up to Ks-2.25 million.

**SMK**

# Large volume of octopus sold to Yangon market



DEDAYE March 9

Local businesspersons from Dedaye Township of Ayeyawady Region sent a large volume of octopus to Yangon market said Daw Swe Swe, the owner of fishery product trading depot in Dedaye Township.

Up to 67,000 viss of octopus from Dedaye Township were exported to the Yangon market.

"Local seafood products are being smoothly exported to the Yangon market, which is the main market for seafood from both directions. Over the past month, up to 67,000 viss of octopus were exported and sold. Prices vary depending on the freshness, size, and weight of the octopus. Currently, octopus is still in demand. Seafood exported from this side is being redistributed and sold both within the local markets and in other regions," said Daw Swe Swe.

In Dedaye Township, long-arm octopus is selling at Ks-29,500 per kilogrammes, and short-arm octopus at Ks-27,500 per kilogrammes. Along with octopus, other seafood products from the area are also seeing strong sales and export demand. As a result, fishery workers, independent traders, wholesale operators, merchants, and transport rental service providers are enjoying good employment and business opportunities.

**SK**

# Htigyaing Township expands sown acreage of vegetables more than the target

HTIGYAING March 9

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the Township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-2026 season. But, farmers started cultivation of crops in October 2025, and so far, they have plamted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation.

Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions.

**SMK**

# Oil for over US$-100 a barrel 'very small price to pay' for Iran war – Trump

WASHINGTON March 9

The surge in oil prices will not stop the US from waging its war on Iran, President Donald Trump has said, after Brent shot past US$-100 per barrel on Sunday, marking the biggest daily gain since the start of the Covid-19 pandemic in 2020.

In response to the US and Israeli airstrikes, Iran has closed the Strait of Hormuz and struck tankers attempting to cross the waterway, which serves as a route for around one-fifth of the world's oil supply. Iraq, the United Arab Emirates, and Kuwait, all major oil producers, have cut output after running out of storage space.

In a Truth Social post on Sunday, Trump downplayed the effects of the war on global trade.

"Short term oil prices, which will drop rapidly when the destruction of the Iran nuclear threat is over, is a very small price to pay for U.S.A., and World, Safety and Peace. ONLY FOOLS WOULD THINK DIFFERENTLY!" Trump wrote.

During his reelection campaign, Trump promised cheaper gas and no costly wars. However, according to data from the American Automobile Association, the national average price of regular gasoline has risen by 15 percent over the past week to US$-3.45 per gallon, with some areas reporting increases of nearly 30 percent.

US Treasury Secretary Scott Bessent said on Friday that Washington is exploring additional measures to lower oil prices. Energy Secretary Chris Wright pledged to bring gasoline back below US$-3 per gallon "before too long."

Last week, the Treasury formally allowed India to temporarily buy oil from Russia, with Bessent saying the US could potentially "unsanction" more of Russia's energy exports.

JPMorgan chief economist Bruce Kasman told Reuters that the "near-term scenario" could see crude prices spike toward US$-120 per barrel before settling "at an elevated US$-80 bbl through mid-year" if the conflict persists. Russian presidential investment envoy Kirill Dmitriev said on Monday that oil prices could exceed US$-200 a barrel in the event of a "prolonged conflict."

**RT**

# US State Department orders US diplomats to leave Saudi Arabia immediately - Reports

WASHINGTON March 9

US diplomats serving in Saudi Arabia have been ordered to leave the country, the New York Times reported citing sources.

The move by the State Department signifies that American officials recognize the growing risks in the region, the publication said.

This marks the first time since February 28 that the department has approved or ordered the so-called mandatory departure of personnel from Saudi Arabia, the newspaper noted.

According to the newspaper, the State Department order will apply not only to US government employees in Riyadh but also in Jeddah and Dhahran, two cities where US consulates are located.




Earlier, American diplomats criticized the Trump administration for delaying preparations for evacuating the Middle East, despite weeks of US troop buildup in the region and openly threatening Iran with war.

On February 28, the US and Israel launched an unprovoked aggression against Iran, including Tehran, causing damage and civilian casualties. Iran is carrying out retaliatory strikes on Israeli territory, as well as on US military targets in the Middle East.

**Sputnik**

# Putin congratulates Mojtaba Khamenei on election as Iran's new supreme leader

MOSCOW March 9

Russian President Vladimir Putin sent a congratulatory message to Mojtaba Khamenei, the newly elected supreme leader of Iran, on Monday, stating that Russia has been and will remain a reliable partner of the Islamic Republic of Iran.

"At a time when Iran is facing armed aggression, your work in this high office will undoubtedly require great courage and dedication. I am confident that you will honorably continue your father's cause and unite the Iranian people in the face of severe trials," Putin was quoted as saying by the Kremlin's official website.

"For our part, we would like to reaffirm our unwavering support for Tehran and solidarity with our Iranian friends. Russia has been and will remain a reliable partner of Iran," said Putin.

Iran's Assembly of Experts announced on Sunday that Mojtaba Khamenei, son of Ali Khamenei, had been elected as Iran's new supreme leader.

**Xinhua**

# Azerbaijan, Iran resume cross-border freight transportation




BAKU March 9

The Azerbaijani Cabinet of Ministers announced that Azerbaijan and Iran resumed freight transportation across their shared state border on Monday, ending a four-day suspension triggered by drone strikes on Azerbaijan's Nakhchivan exclave.

The government announced that the entry and exit of all types of freight vehicles, including those involved in transit, have been restored since 10:00 local time (0600 GMT) on Monday.

The cabinet imposed the closure on Thursday in response to drone attacks launched from Iranian territory.

According to Azerbaijani authorities, drones struck several locations, including the terminal building of Nakhchivan International Airport, while another drone fell near a school.

The incident left several civilians injured and caused damage to the airport infrastructure. Later, the Iranian side denied its involvement but pledged an investigation into the drone attacks.

**Xinhua**

# 2 killed in helicopter crash in UAE

DUBAI March 9

Two members of the armed forces were killed after a helicopter crashed due to a technical malfunction while carrying out duty in the United Arab Emirates (UAE) on Monday, the UAE's Ministry of Defence confirmed.

No further details were provided on the crash.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

## Unit 45 it is said that … he is said to … he is supposed to …

**A** Study this example situation:




George is very old. Nobody knows exactly how old he is, but:

**It is said that** he is 108 years old.

*or* He **is said to be** 108 years old.

Both these sentences mean: 'People say that he is 108 years old.'

You can use these structures with a number of other verbs, especially:

**alleged believed considered expected known reported thought understood**

- Cathy loves running.
  **It is said that** she runs 10 miles a day. or **She is said to** run 10 miles a day.
- The police are looking for a missing boy.
  **It is believed that** the boy is wearing a white sweater and blue jeans. or **The boy is believed to** be wearing a white sweater and blue jeans.
- The strike started three weeks ago.
  **It is expected that** it will end soon. or **The strike is expected to** end soon.
- A friend of mine has been arrested.
  **It is alleged that** he stole a car. or **He is alleged to** have stolen a car.
- The two houses belong to the same family.
  **It is said that** there is a secret tunnel between them. or **There is said to** be a secret tunnel between them.

These structures are often used in news reports. For example, in a report about an accident:

- **It is reported that** two people were injured in the explosion. or **Two people are reported to** have been injured in the explosion.

**B** **supposed to …**

You can use **supposed to** … in the same way as **said to** … :

- I want to see that film. It**'s supposed to be** good. (= people say it's good)
- There are many stories about Joe. He**'s supposed to have robbed** a bank many years ago.
- Fireworks **are supposed to have been invented** in China. Is it true?

Sometimes **supposed to** … has a different meaning. We use **supposed to** to say what is intended, arranged or expected. Often this is different from the real situation:

- The plan **is supposed to be** a secret, but everybody seems to know about it.
  (= the plan is intended to be a secret)
- What are you doing at work? You**'re supposed to be** on holiday.
  (= you arranged to be on holiday)
- Our guests **were supposed to come** at 7.30, but they were late.
- Jane **was supposed to phone** me last night, but she didn't.
- I'd better hurry. I**'m supposed to be meeting** Chris in ten minutes.

**You're not supposed to** do something = it is not allowed or advised:

- **You're not supposed to park** your car here. It's private parking only.
- Joe is much better after his illness, but **he's not supposed to exercise** too hard.

**Raymond Murphy**

အရှေ့အလယ်ပိုင်းရေးရာ

နိုင်အောင်

# စစ်ရေးဖိအားများနှင့်ရင်ဆိုင်နေရစဉ်အတွင်းထွက်ပေါ်လာသည့် အီရန်၏အမြင့်ဆုံးခေါင်းဆောင်သစ် မော့တာဘာခါမေနီ

အမေရိကန်နှင့်အစ္စရေးတို့၏တိုက်ခိုက်မှုအတွင်းသေဆုံးသွားခဲ့ရသည့် အီရန်နိုင်ငံ၏ခေါင်းဆောင်ဟောင်း အယာတိုလာအလီခါမေနီ၏နေရာတွင် ဆက်ခံမည့်သူအဖြစ် ၎င်း၏သားဖြစ်သူ မော့တာဘာခါမေနီအား အီရန်နိုင်ငံ၏အမြင့်ဆုံးခေါင်းဆောင်သစ်အဖြစ် မတ်လ ၈ ရက်တွင် ရွေးချယ်လိုက်ပြီဖြစ်သည်။

သေဆုံးသွားသည့် အလီခါမေနီသည် ၁၉၈၉ ခုနှစ်မှစတင်၍ အီရန်နိုင်ငံကို ဦးဆောင်ခဲ့သူဖြစ်ပြီး ယခုနှစ်ဖေဖော်ဝါရီလ ၂၈ ရက်တွင် တီဟီရန်မြို့၌ အမေရိကန်နှင့် အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံ၏အမြင့်ဆုံးခေါင်းဆောင်သစ်ကို စိစစ်ရွေးချယ်ရန် တာဝန်ရှိသည့် အီရန်နိုင်ငံ၏ကျွမ်းကျင်သူများကောင်စီက ဆွေးနွေးညှိနှိုင်းမှုများကို တိကျစွာလုပ်ဆောင်ခဲ့ပြီးနောက် မော့တာဘာခါမေနီကို ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါခေါင်းဆောင်သစ်ရွေးချယ်ပွဲတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်များမှာ မေဒီမီယာဘောဂါရီ၊ ဟက်ဆန်ခိုမေနီ၊ ဆာဒက်လာရီဂျာနီနှင့် အလီရီဇာအေဖာရီ တို့ပါဝင်သည်။



ထို့ပြင် အီရန်နိုင်ငံ၌ ၁၉၇၉ တော်လှန်ရေးအပြီး ရှားဘုရင်ကိုဖြုတ်ချပြီး ဘုရင်စနစ်ကို အပြီးအပိုင်ဖယ်ရှားခဲ့သည့် အစ္စလာမ်မစ်အုပ်ချုပ်ရေးစနစ်ကို ဆက်လက်ဖော်ဆောင်မည့် ခေါင်းဆောင်သစ်အားသစ္စာခံကြရန် ကျွမ်းကျင်သူများကောင်စီကတိုက်တွန်းထားသည်။

**ခေါင်းဆောင်သစ်က ဘယ်လိုလူမျိုးလဲ**

အမြင့်ဆုံးခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံရသည့် မော့တာဘာခါမေနီကို ၁၉၆၉ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၎င်းသည် အလီခါမေနီ၏သားသမီးခြောက်ဦးအနက် ဒုတိယမြောက်သားဖြစ်သည်။ မော့တာဘာခါမေနီသည် ၎င်း၏လူငယ်ဘဝဖြစ်သည့် ၁၉၈၀ ပြည့်လွန်နှစ်များက ဖြစ်ပွားခဲ့သည့် အီရန်-အီရတ်စစ်ပွဲတွင် မိုဟာမက် ရာဆူလိုလာတပ်မကြီး၌ စေတနာ့ဝန်ထမ်းအဖြစ် ပါဝင်တိုက်ခိုက်ခဲ့ပြီး ထိုစဉ်ကပင် အီရန်လုံခြုံရေးအဖွဲ့အစည်း၏ အနာဂတ်ခေါင်းဆောင်ပိုင်းဖြစ်လာမည့်သူများနှင့် ရင်းနှီးသည့် ဆက်ဆံရေးများကို တည်ဆောက်ထားနိုင်ခဲ့သည်။

နောက်ပိုင်းတွင် မော့တာဘာခါမေနီသည် ကွန်းမြို့တွင် ဘာသာရေးပညာကို ဆက်လက်ဆည်းပူးခဲ့သည်။ ၎င်းသည် အစိုးရအဖွဲ့အတွင်း တရားဝင်ရာထူးနေရာများရယူခဲ့ခြင်းမရှိသော်လည်း ၎င်း၏ဖခင်အတွက် အဓိကလက်ထောက်တစ်ဦးအဖြစ်နှင့်သော်လည်းကောင်း၊ နောက်ကွယ်မှနေ၍ ဩဇာအာဏာကြီးမားသူတစ်ဦးအဖြစ်လည်းကောင်း လူသိများသူဖြစ်သည်။ ၂၀၁၉ ခုနှစ်တွင် အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက အီရန်ခေါင်းဆောင်ပိုင်းနှင့် နီးစပ်သူများကို ပစ်မှတ်ထားအရေးယူသည့် အစီအစဉ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် မော့တာဘာခါမေနီအပေါ်သို့လည်း အမေရိကန်က ပိတ်ဆို့အရေးယူမှုများ ချမှတ်ခဲ့သည်။

ဖခင်ဖြစ်သူသေဆုံးခဲ့သည့် အမေရိကန်နှင့်အစ္စရေးတို့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း၌ မော့တာဘာခါမေနီ၏ ဇနီးနှင့် အခြားဆွေမျိုးအတော်များများသေဆုံးသွားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုအတွင်း မော့တာဘာကိုယ်တိုင်လည်း ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးမီဒီယာများက ဖော်ပြထားသည်။

အီရန်နိုင်ငံ၏အမြင့်ဆုံးခေါင်းဆောင်သစ်အဖြစ် ရွေးချယ်ခံရပြီးနောက်ပိုင်းတွင် မော့တာဘာခါမေနီအား ခေါင်းဆောင်သစ်အဖြစ် အသိအမှတ်ပြုသစ္စာခံသည်ဟု အစ္စလာမ်မစ်တော်လှန်ရေး အစောင့်တပ်ဖွဲ့က ၎င်းတို့၏မီဒီယာတစ်ခုဖြစ်သည့် Sepah တွင်ဖော်ပြ၍ကတိပြုထားသည်။

အီရန်အနေဖြင့် လက်ရှိအခြေအနေတွင် အကြွင်းမဲ့လက်နက်ချခြင်းမှလွဲ၍ စစ်ပွဲကို အဆုံးသတ်နိုင်မည့် မည်သည့်သဘောတူညီချက်မျှရှိလာမည်မဟုတ်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့ပြီးနောက် အီရန်ခေါင်းဆောင်သစ် ရွေးချယ်တင်မြှောက်မှုထွက်ပေါ်လာခြင်း ဖြစ်သည်။

သို့သော်လုပ်ကြံသတ်ဖြတ်ခံလိုက်ရသည့် အယာတိုလာအလီခါမေနီ၏နေရာတွင် အီရန်၏ အမြင့်ဆုံးခေါင်းဆောင်အဖြစ် အစားထိုးဝင်ရောက်လာသူ မည်သူ့ကိုမဆို လုပ်ကြံသတ်ဖြတ်သွားမည်ဟု အစ္စရေးနိုင်ငံကခြိမ်းခြောက်ထားသည်။

သို့ရာတွင် မော့တာဘာခါမေနီအား အီရန်၏အမြင့်ဆုံးခေါင်းဆောင်အဖြစ် ရွေးချယ်တင်မြှောက်လိုက်ခြင်းသည် အီရန်အနေဖြင့် လက်ရှိအခြေအနေတွင် စစ်ရေးဖိအားများနှင့် ရင်ဆိုင်နေရသော်လည်း ဖိအားပေးမှုများအားအလျှော့မပေးခြင်းကို ပြသခဲ့ခြင်းဖြစ်သည်ဟု တူကီယဲနိုင်ငံရေးသမားနှင့် ရှေ့နေတစ်ဦးဖြစ်သူ အိုနာဆီနာဂူဇာတန်က သုံးသပ်ပြောကြားထားသည်။

Ref: Sputnik, RT

## ဘာရိန်းနိုင်ငံရှိ အရေးပါဆုံးသောရေနံချက်စက်ရုံ အီရန်နိုင်ငံ၏ဒုံးကျည်နှင့်ဒရုန်းများဖြင့် တိုက်ခိုက်ခံရမှုကြောင့် မီးလောင်

ဘာရိန်းနိုင်ငံရှိ အရေးပါဆုံးသောရေနံချက်စက်ရုံတစ်ရုံဖြစ်သည့် Bapco သည် အီရန်နိုင်ငံမှ ဒုံးကျည်များနှင့်ဒရုန်းများဖြင့် တိုက်ခိုက်ခံရမှုကြောင့်မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း Sabereen သတင်းဌာနက မတ်လ ၉ ရက်တွင် ဖော်ပြသည်။

ထို့ပြင် မတ်လ ၉ ရက်၌ပင် TRT Haber သတင်းဌာန၏ဖော်ပြချက်အရ အမေရိကန်စစ်ဘက်မှ ဒုံးကျည်တစ်စင်းသည် လမ်းကြောင်းလွဲချော်ကာ မာနားမားမြို့ရှိ လူနေရပ်ကွက်တစ်ခုအတွင်းသို့ ကျရောက်ခဲ့ကြောင်းသိရသည်။

အီရန်နိုင်ငံသည် အစောပိုင်းတွင် မာနားမားမြို့ရှိ အမေရိကန်တပ်မတော်၏ အမှတ်(၅) ရေယာဉ်စုစစ်အခြေစိုက်စခန်းအပါအဝင် အမေရိကန်နှင့်ဆက်နွယ်နေသောနေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး အီရန်၏အဆိုပါတိုက်ခိုက်မှုကို အမေရိကန်လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့များက ပြန်လည်တုံ့ပြန်ခဲ့ကြောင်းသိရသည်။

Ref: Iv



## အရှေ့အလယ်ပိုင်းဒေသတွင် အပစ်အခတ်ရပ်စဲရန်နှင့် တင်းမာမှုများလျှော့ချရန်အတွက် ဆုံးဖြတ်ချက် မူကြမ်းတစ်စောင်ကို ရုရှားပြင်ဆင်



အရှေ့အလယ်ပိုင်းဒေသတွင် လက်နက်ကိုင်ပဋိပက္ခများမြင့်တက်ဖြစ်ပွားနေစဉ် သက်ဆိုင်ရာနိုင်ငံများအကြား အပစ်အခတ်ရပ်စဲရန်နှင့် တင်းမာမှုများလျှော့ချရန်တိုက်တွန်းထားသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက် မူကြမ်းတစ်စောင်ကို ရုရှားနိုင်ငံကပြင်ဆင်လျက်ရှိသည်ဟု ခိုင်လုံသောသတင်းရင်းမြစ်တစ်ခုက မတ်လ ၉ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းပါ အချက်အလက်များအရ သက်ဆိုင်ရာနိုင်ငံအားလုံးအနေဖြင့် စစ်ရေးလှုပ်ရှားမှုများချက်ချင်းရပ်တန့်ရန်နှင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများထပ်မံမြင့်တက်လာခြင်းမရှိစေရေးအတွက်ထိန်းသိမ်းကြရန် တိုက်တွန်းထားကြောင်း RIA Novosti သတင်းဌာနက ဆုံးဖြတ်ချက်မူကြမ်းအားကိုးကား၍ ဖော်ပြထားသည်။

ထို့ပြင် အရပ်သားများနှင့် အရပ်ဘက်အခြေခံအဆောက်အဦများအပေါ် တိုက်ခိုက်မှုအားလုံးကို ပြစ်တင်ရှုတ်ချထားပြီး နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေအပါအဝင် နိုင်ငံတကာဥပဒေများကိုလိုက်နာရန်နှင့် အရပ်သားများကို အကာအကွယ်ပေးရန် အဆိုပါမူကြမ်း၌တောင်းဆိုထားကြောင်းသိရသည်။

Ref: Iv

# ဥရောပဒေသက ငါးနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး လက်နက်တင်သွင်းသည့်ဒေသဖြစ်လာ

ဟယ်ဆင်ကီ၊ လက်နက်တင်ပို့မှု


ယူကရိန်းပဋိပက္ခပိုမိုပြင်းထန်လာခြင်းနှင့်ဥရောပမဟာမိတ်နိုင်ငံများ၏ကာကွယ်ရေးအပေါ် အမေရိကန်ပြည်ထောင်စု၏ ကတိကဝတ်များ မသေချာမရေရာမှုများကြောင့် ဥရောပဒေသသည် ပြီးခဲ့သည့် ငါးနှစ်အတွင်း ကမ္ဘာ့အကြီးဆုံး လက်နက်တင်သွင်းသည့် ဒေသဖြစ်လာခဲ့ကြောင်း သိရသည်။

စတော့ဟုမ်း အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ဥရောပနိုင်ငံများ၏လက်နက်တင်သွင်းမှုပမာဏသည် ၂၀၁၆-၂၀၂၀ ခုနှစ်အတွင်းက မှတ်တမ်းတင်ထားသည့် ပမာဏထက် သုံးဆကျော် ပိုမိုမြင့်တက်လာပြီး တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်လွှဲပြောင်းမှုပမာဏသည် ၉ ဒသမ ၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

၂၀၂၁-၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့လက်နက်တင်သွင်းမှု၏ ၃၃ ရာခိုင်နှုန်းကို ဥရောပနိုင်ငံများက လုပ်ဆောင်ခဲ့ကြပြီး ၂၀၁၆-၂၀၂၀ ခုနှစ်တွင်မူ ၁၂ ရာခိုင်နှုန်းသာ ရှိခဲ့ကြောင်းထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြသည်။

ဥရောပနိုင်ငံများက ယူကရိန်းနိုင်ငံသို့ စစ်ရေးအကူအညီများ ပေးအပ်ခဲ့ခြင်းသည် ယခုကဲ့သို့ လက်နက်တင်သွင်းမှု မြင့်တက်လာရခြင်း၏အထင်ရှားဆုံးအကြောင်းရင်းဖြစ်သည်ဟု စတော့ဟုမ်းအပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးသုတေသနဌာနမှ လက်နက်လွှဲပြောင်းမှုအစီအစဉ်၏ ညွှန်ကြားရေးမှူး မက်သရူးဂျော့ ပြောကြားထားကြောင်းသိရသည်။

**Ref: Xinhua**



# ဂျပန်က တာဝေးပစ်ဒုံးကျည်များအတွက် ပစ်လွှတ်စင်များနှင့် အခြားဆက်စပ်ပစ္စည်းများကို နိုင်ငံအတွင်းရှိ စစ်အခြေစိုက်စခန်းသို့ပို့ဆောင်



တိုကျို၊ စစ်ရေး

ဂျပန်ကြည်းတပ်မတော်သည် တာဝေးပစ်ဒုံးကျည်များအတွက် ပစ်လွှတ်စင်များနှင့် အခြားဆက်စပ်ပစ္စည်းများကို ကူမာမိုတိုမြို့ရှိ ကန်ဂွန်စစ်အခြေစိုက်စခန်းသို့ ပို့ဆောင်ခဲ့ကြောင်း The Japan Times သတင်းစာက သတင်းရင်းမြစ်များကို ကိုးကား၍ မတ်လ ၉ ရက်တွင် ဖော်ပြသည်။

ဖော်ပြချက်အရ ဒုံးကျည်နှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများကို တင်ဆောင်လာသည့်ယာဉ်တန်းသည် ရှီဇူအိုကာခရိုင်ရှိ ဖူဂျီစစ်စခန်းမှ မတ်လ ၇ ရက်တွင် ထွက်ခွာခဲ့ပြီး မတ်လ ၉ ရက် နံနက်အစောပိုင်းတွင် ကန်ဂွန်စခန်းသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ဂျပန်တပ်မတော်သည် အဆင့်မြှင့်တင်ထားသော Type-12 အမျိုးအစား ဒုံးကျည်စနစ်ကို ဖြန့်ကြက်ချထားရန် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။ အဆိုပါဒုံးကျည်များသည် ကီလိုမီတာ ၁၀၀၀ ခန့်အထိ ပျံသန်းရောက်ရှိနိုင်ပြီး ရန်သူ၏ပစ်ခတ်မှု သို့မဟုတ် လေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ လက်လှမ်းမမီသောအကွာအဝေးမှနေ၍ တိုက်ခိုက်နိုင်စွမ်းရှိသည့် တာဝေးပစ်ဒုံးကျည်များအဖြစ် လူသိများထင်ရှားသည့် ဒုံးကျည်များဖြစ်သည်။

အမေရိကန်ပြည်ထောင်စုသည် ဂျပန်နိုင်ငံ ယာမာဂူချီခရိုင်ရှိ အီဝါကူနီစစ်အခြေစိုက်စခန်းတွင် တပ်ဆင်ထားသော ၎င်းတို့၏ Typhon အမျိုးအစားတာလတ်ပစ်ဒုံးကျည်စနစ်များကို ပြီးခဲ့သည့်နှစ်အတွင်း၌ ပြန်လည်ရုပ်သိမ်းသွားခဲ့ကြောင်း ကျိုတိုရှင်ဘွန်သတင်းစာက ဖော်ပြထားကြောင်းသိရသည်။ **Ref: Iv**

# အီရန်ပဋိပက္ခရှည်ကြာလာပါက စီးပွားရေးအပေါ်သက်ရောက်နိုင်ခြင်းကြောင့် တင်းမာမှုများကိုလျှော့ချရန် ဗြိတိန်ပြော



လန်ဒန်၊ စီးပွားရေး

အီရန်နိုင်ငံနှင့် ဖြစ်ပွားနေသည့် ပဋိပက္ခရှည်ကြာလာပါက စီးပွားရေးအပေါ် ဆိုးကျိုးများ သက်ရောက်နိုင်သောကြောင့် ယင်းနိုင်ငံနှင့်ပတ်သက်သည့် တင်းမာမှုများကို လျှော့ချရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ် ကီယာစတားမားက မတ်လ ၉ ရက်တွင် ပြောကြားလိုက်သည်။

စတားမားသည်မြို့တော်လန်ဒန်ရှိလူထုအခြေပြုဗဟိုဌာနတစ်ခုသို့ သွားရောက်စဉ် ယခုကဲ့သို့ပြောကြားခဲ့ခြင်းဖြစ်ပြီး လက်ရှိအခြေအနေကို လျှော့ချရန်လိုအပ်ကြောင်း အလေးပေးပြောကြားခြင်းဖြစ်သည်ဟု ဗြိတိန်သတင်းဌာနကြီးတစ်ခုဖြစ်သည့် The Guardian သတင်းဌာနက ၎င်း၏လူမှုမီဒီယာပေါ်တွင် ဖော်ပြထားသည်။

အီရန်ပဋိပက္ခကြာရှည်လာသည်နှင့်အမျှ စီးပွားရေးအပေါ်ရိုက်ခတ်မှုများ ပိုမိုရှိလာနိုင်ကြောင်း၊ အဆိုပါပဋိပက္ခက ပိုမိုကြာရှည်လေလေ၊ စီးပွားရေးအပေါ် သက်ရောက်မှုရှိလာနိုင်ခြေ ပိုမိုများပြားလေလေဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ထို့ပြင် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးဆိုင်ရာသက်ရောက်မှုများကို ခံနိုင်ရည်ရှိစေရန်အတွက် ဗြိတိန်အစိုးရအနေဖြင့် လွန်ခဲ့သည့် ၁၈ လအတွင်း စီးပွားရေးကြံ့ခိုင်မှုမြှင့်တင်ရန် အစီအမံများလုပ်ဆောင်ထားကြောင်းလည်း ၎င်းကထည့်သွင်းပြောကြားခဲ့ကြောင်းသိရသည်။

**Ref: Xinhua**

# လက်ဘနွန်တွင် အစ္စရေးက မြေပြင်စစ်ဆင်ရေးများ စတင်လာခြင်းအပေါ်အရေးပေါ်အစည်းအဝေးခေါ်ယူရန် ပြင်သစ်စတင်လုပ်ဆောင်

ပဲရစ်၊ နိုင်ငံရေး

လက်ဘနွန်ပိုင်နက်အတွင်း အစ္စရေးတပ်မတော်က မြေပြင်စစ်ဆင်ရေးများ စတင်လာခြင်းနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေးတစ်ရပ်ကိုခေါ်ယူရန် ပြင်သစ်နိုင်ငံက စတင်လုပ်ဆောင်လိုက်ပြီဖြစ်ကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယင်းနိုအယ်ဘာရိုးက မတ်လ ၉ ရက်တွင် ကြေညာသည်။

လက်ဘနွန်နိုင်ငံ၏ အခြေအနေများသည် လျင်မြန်စွာဆိုးရွားလာနေခြင်းကြောင့် ပြင်သစ်နိုင်ငံအနေဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးပေါ်အစည်းအဝေး တစ်ရပ်ခေါ်ယူပေးရန် တောင်းဆိုခြင်းဖြစ်သည်ဟု ယင်းနိုအယ်ဘာရိုးက ၎င်း၏လူမှုမီဒီယာစာမျက်နှာတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် ပြင်သစ်အစိုးရအနေဖြင့် ပဋိပက္ခများလျော့ပါးသက်သာစေရန် သံတမန်ရေးအရ ကြိုးပမ်းဆောင်ရွက်နေကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံအနေဖြင့် ဒေသတွင်း မတည်မငြိမ်ဖြစ်မှုကို တားဆီးနိုင်ရန်အတွက် လက်ဘနွန်နှင့် အစ္စရေးနိုင်ငံများက ကိုယ်စားလှယ်များနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**Ref: Iv**



# အဘူဒါဘီတွင် ကြားဖြတ်ဟန့်တားခဲ့သည့် ရန်သူ့လက်နက်အပိုင်းအစများ ကျရောက်ခဲ့မှုကြောင့် လူနှစ်ဦးဒဏ်ရာရရှိ

အဘူဒါဘီ၊ စစ်ရေး

အာရပ်စော်ဘွားများပြည်ထောင်စုမြို့တော်အဘူဒါဘီတွင်ကြားဖြတ်ဟန့်တားခဲ့သည့် ရန်သူ့လက်နက်အပိုင်းအစများ ကျရောက်ခဲ့မှုကြောင့် လူနှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အဘူဒါဘီအာဏာပိုင်များက မတ်လ ၉ ရက်တွင် ပြောကြားသည်။

အဘူဒါဘီမီဒီယာရုံး၏ ထုတ်ပြန်ချက်အရ နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များသည် ဝေဟင်ပိုင်နက်အတွင်းသို့ ဝင်ရောက်လာသည့် ရန်သူ့လက်နက်အား အောင်မြင်စွာကြားဖြတ်ပစ်ချနိုင်ခဲ့ပြီးနောက် ယခုဖြစ်စဉ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါ ဖြစ်စဉ်တွင် ဂျော်ဒန်နိုင်ငံသားတစ်ဦး အနည်းငယ်ဒဏ်ရာရရှိခဲ့ပြီး အခြားဖြစ်စဉ်တစ်ခုတွင် အီဂျစ်နိုင်ငံသားတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် မတ်လ ၉ ရက်အစောပိုင်းတွင် အာရပ်စော်ဘွားများပြည်ထောင်စုအတွင်းသို့ ဦးတည်ပစ်ခတ်ခဲ့သည့် ပဲ့ထိန်းဒုံးကျည် ၁၆ စင်းနှင့် ဒရုန်း ၁၁၃ စင်းကို အာရပ်စော်ဘွားများ ပြည်ထောင်စုရှိ လေကြောင်းရန်ကာကွယ်ရေးစနစ်များက ကြားဖြတ်ဟန့်တားနိုင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလ ၂၈ ရက်တွင် စတင်ခဲ့သော အမေရိကန်နှင့်အစ္စရေးတို့၏ အီရန်အပေါ် ပူးတွဲတိုက်ခိုက်မှုများအပြီး ဒေသတွင်း တင်းမာမှုများမြင့်တက်နေစဉ် ယခုဖြစ်စဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ **Ref: Xinhua**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

( က ) ဤဥပဒေတွင်ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

( ခ ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

( ဂ ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့်ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရသတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကိုပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင်မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့်လယ်ယာမြေလုပ်ပိုင်ခွင့်ကိုရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

( င ) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

( စ ) လယ်ယာမြေကိုခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

( ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

( ဇ ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။

( ဈ ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့ပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

**(လယ်ယာမြေဥပဒေပုဒ်မ ၁၂၊ ၁၃)**

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

( ၁ ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

( ၂ ) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

( ၃ ) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်းမပြုရန်၊

( ၄ ) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက်ထိန်းချုပ်ကန့်သတ်ရန်၊

( ၅ ) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

( ၆ ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

( ၇ ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊

( ၈ ) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

( ၉ ) ပြည်ပမှတရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများတင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊


(၁၀) တောဝက်နှင့်အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့်အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင်သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအားလိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**




**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

**ပြန်လည်ထူထောင်ရေးဦးစီးဌာန**

**လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)**

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျင်သံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့်ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

( ၁ ) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁) ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

( ၂ ) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက်ဆောင်ရွက်ရန်၊

( ၃ ) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ထွက်ရန်၊

( ၄ ) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ အမြန်ဆုံးဆက်သွယ်အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့်လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကိုလိုက်နာရန်–

(က) တောထဲတွင် မီးမွှေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်းမပြုလုပ်ရန်။

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။

## ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်၊ ဘဲ၊ ငုံးခြံများတွင် အဆိုပါရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ဇီဝလုံခြုံမှုကိုစနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံး မွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ်အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့် နှာခေါင်းစည်း၊ လက်အိတ်စသည့်အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့်တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့်ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှစားသုံးရန်၊

(၈) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# လေပြင်းဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့အသိပေးနှိုးဆော်ချက်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## လေပြင်းဘေးအသိပညာပေးစာစောင်



မြန်မာနိုင်ငံအရပ်ရပ်တွင် နွေကြိုကာလ၊ နွေကာလနှင့် မိုးကြိုကာလများအတွင်း နေ့အပူချိန်များ တဖြည်းဖြည်း မြင့်တက်လာရာမှ အပူပြန်တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာ တစ်လျှောက်တွင်စိုက်ဆင်းလေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသည်။

၁

## လေပြင်းဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ

၁။ မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။



၂။ လေပြင်းဒဏ် ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။

၃။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

၄။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။



၂

၅။ အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။

၆။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။



၇။ အိမ်အတွင်းရှိပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။ မီးလောင်စေနိုင်သော ပစ္စည်းများကို စစ်ဆေး၍ လိုအပ်သလို ပြင်ဆင်ထားပါ။

၈။ အရေးပေါ် သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့်အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။

၉။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။



၃

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန် အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။



၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းများအား တိပ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



၃။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

၄

၄။ လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့မဟုတ်) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။



၅။ အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

## လေပြင်းတိုက်ခတ်စဉ် မိုးသီးကြွေခြင်း၊ မိုးထစ်ချုန်းရွာခြင်း ဖြစ်ပေါ်ပါက သတိပြုလိုက်နာရန် အချက်များ

၁။ လယ်ကွင်း၊ ကွင်းပြင်ထဲ နေထိုင်ခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။



၂။ မဖြစ်မနေ အိမ်အပြင်သို့ ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများ ဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။

၃။ တီဗွီ၊ ရေဒီယို၊ လျှပ်စစ် ထမင်းအိုး၊ လျှပ်စစ်မီးပူ စသည့် လျှပ်စစ်နှင့်ဆိုင်သော ပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလတ်ဖြုတ်ထားပါ။

၅

၄။ သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။



၅။ မိုးသည်းထန်စွာရွာသွန်းနေစဉ် မိုးကြိုးပစ်နိုင်သောကြောင့် လျှပ်စီးနိုင်သော လက်ကိုင်ဖုန်း၊ သံနှင့်သတ္တုပါဝင်သော ပစ္စည်းများကို အသုံးပြုခြင်း၊ ကိုယ်နှင့် တစ်ပါတည်းထားခြင်းမှ ရှောင်ကြဉ်ပါ။

## လေပြင်းတိုက်ခတ်ပြီးနောက် ဆောင်ရွက်ရန် အချက်များ

၁။ ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့် အတူပူးပေါင်းပါဝင် ဆောင်ရွက်ပါ။



၆

၂။ ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများမှ ဝေးရာတွင်နေပါ။ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ ကူညီရှင်းလင်းပါ။



၃။ ထိခိုက်ဒဏ်ရာရရှိပါက ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုများကို ခံယူပါ။



၇

၄။ ထိခိုက်လွယ်အုပ်စုများ (ကလေးသူငယ်၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်၊ မသန်စွမ်း၊ သက်ကြီးရွယ်အို စသည့်) အကူအညီ လိုအပ်ပါက တတ်စွမ်းသရွေ့ ပေါင်းစပ်ကူညီပေးပါ။



၅။ ယာယီ အခိုအကာလိုအပ်ပါက သက်ဆိုင်ရာ တာဝန်ရှိသူများထံ ဆက်သွယ်အကူအညီ တောင်းခံပါ။

၈

## နေ့စဉ်လမ်းလျှောက်ခြင်း၏အကျိုးကျေးဇူးများ

- ကိုယ်ခန္ဓာအလေးချိန်ကို လျော့ကျစေခြင်း။
- နှလုံးနှင့်အဆုတ်ကို ကျန်းမာစေခြင်း။
- နာတာရှည်ရောဂါဖြစ်ပွားမှုကို လျော့ကျစေခြင်း။
- ကင်ဆာဖြစ်ပွားနိုင်ခြေကိုလျော့ကျစေခြင်း။
- အိမ်မင်းရင့်ရော်ခြင်းကို ကာကွယ်ပေးခြင်း။
- သွေးပေါင်ချိန်ကို ပုံမှန်ဖြစ်စေခြင်း။
- ဆီးချိုရောဂါ၊ လေဖြတ်ရောဂါ ဖြစ်ပွားနိုင်ခြေကိုလျော့ချပေးခြင်း။
- စိတ်ပျော်ရွှင်စေခြင်း။
- အရိုးအဆစ်များကို သန်မာစေခြင်း။
- ကိုယ်ခံစွမ်းအားကို တက်စေခြင်း။

# ယခုဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားလ် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်




**မန်ချက်စတာ မတ် ၉**

မန်စီးတီးအသင်း ဝါရင့်ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားလ်သည် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့်စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သည့်အတွက် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၁ နှစ်အရွယ် ဘာနာဒိုဆေးဗားလ်သည် ၂၀၁၇ ခုနှစ်က မိုနာကိုအသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ မန်စီးတီးအသင်းသမိုင်းတစ်လျှောက် အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင်ရပ်တည်နိုင်ခဲ့သူဖြစ်သည်။

ဘာနာဒိုဆေးဗားလ်သည် မန်စီးတီးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလား၊ ပရီးမီးယားလိဂ်ဖလားနှင့် အက်ဖ်အေဖလားစသည့် ဆုဖလားများစွာကို ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းဘက်မှ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ကမ်းလှမ်းမှုတစ်စုံတစ်ရာမရှိသည့်အတွက် ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရမည်ဖြစ်သည်။

ဘာနာဒိုဆေးဗားလ်အနေဖြင့် ၂၀၂၄ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလကတည်းက အသင်းမှထွက်ခွာရန်နီးစပ်ခဲ့ကာ ဘာစီလိုနာအသင်းသို့ပြောင်းရွှေ့ကစားရန် နီးစပ်ခဲ့သော်လည်း ဘာစီလိုနာအသင်း၏ ငွေကြေးအကျပ်အတည်းပိုင်းကြောင့် ခေါ်ယူနိုင်ခြင်းမရှိသည့်အတွက် မန်စီးတီးအသင်းတွင် ဆက်လက်ကစားခဲ့ရခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ဘာနာဒိုဆေးဗားလ်သည် မန်စီးတီးအသင်းနှင့်အတူ ဘောလုံးရာသီကိုးရာသီအတွင်း ပြိုင်ပွဲစုံ ၄၄၅ ပွဲအထိ ပါဝင်ကစားခဲ့ကာ အသင်းသမိုင်းတစ်လျှောက် ပွဲအများဆုံးကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ၌ ၇၅ ဂိုးအထိ သွင်းယူပေးထားခြင်းဖြစ်သည်။

ဘာနာဒိုဆေးဗားလ်အနေဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် မန်စီးတီးအသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့်ထွက်ခွာမည်ဖြစ်သည့်အတွက် အစောပိုင်းကတည်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် ဘာစီလိုနာအသင်းနှင့်အတူ ဆော်ဒီကလပ်အသင်းများက ခေါ်ယူဖွယ်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချယ်လ်ဆီးအသင်းနှင့် အနာဂတ်အတွက် ဆွေးနွေးမှုများလုပ်ဆောင်ရန် အေးဂျင့်ဖြစ်သူထံ ဆန်ချိုတောင်းဆို

**လန်ဒန် မတ် ၉**

ယခုဘောလုံးရာသီတွင် ချယ်လ်ဆီးအသင်းမှ အက်စ်တွန်ဗီလာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားနေသည့် တောင်ပံကစားသမား ဆန်ချိုက ၎င်း၏အနာဂတ်နှင့်ပတ်သက်ပြီး ချယ်လ်ဆီးအသင်းနှင့် ဆွေးနွေးမှုများလုပ်ဆောင်ရန် အေးဂျင့်ဖြစ်သူထံတောင်းဆိုထားကြောင်း သိရသည်။

ဆန်ချိုသည် ၂၀၂၄ ခုနှစ်က မန်ယူအသင်းမှ ချယ်လ်ဆီးအသင်းသို့ပြောင်းရွှေ့ကစားခဲ့သော်လည်း အသင်းနှင့်အတူ ခြေစွမ်းပြနိုင်ရန် ရုန်းကန်ခဲ့ရပြီးနောက် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက အက်စ်တွန်ဗီလာအသင်းထံ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

အက်စ်တွန်ဗီလာအသင်းကလည်း အငှားစာချုပ်သက်တမ်းကုန်ဆုံးလျှင် ဆန်ချိုကို ချယ်လ်ဆီးအသင်းထံ ပြန်လည်စေလွှတ်မည်ဖြစ်ပြီး ချယ်လ်ဆီးအသင်းကလည်း ဆန်ချိုကို ပြန်လည်ခေါ်ယူလိုခြင်းရှိမရှိနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများလုပ်ဆောင်ရန် အေးဂျင့်ဖြစ်သူထံ တောင်းဆိုထားခြင်းဖြစ်သည်။

ချယ်လ်ဆီးအသင်းက ပြန်လည်ခေါ်ယူလိုခြင်းမရှိပါက ဆန်ချိုက အသင်းနှင့်စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲဖွယ်ရှိကြောင်း သိရသည်။

*Ref;Top Skills Sports UK*

# ပေါ့ဗေးအသင်း အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ်တက်ရောက်

**လန်ဒန် မတ် ၉**

အက်ဖ်အေဖလားပြိုင်ပွဲ ပဉ္စမအဆင့်ပွဲစဉ်အဖြစ် ကစားသည့် ဆန်းဒါးလန်းအသင်းနှင့် ပေါ့ဗေးအသင်းတို့ ပွဲစဉ်တွင် ပေါ့ဗေးအသင်းက အိမ်ကွင်း၌ ၁ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် အက်ဖ်အေဖလားပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် ပထမဆုံးအကြိမ်အဖြစ် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ယခုဘောလုံးရာသီ အင်္ဂလန်လိဂ်-၁ ပြိုင်ပွဲတွင် ရုန်းကန်နေရသည့် ပေါ့ဗေးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပုံစံကောင်းများရရှိနေသည့် ဆန်းဒါးလန်းအသင်းကို အနိုင်ရရှိပြီးနောက် ကွာတားဖိုင်နယ်အဆင့်သို့ ပထမဆုံးအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်ပြီး ပေါ့ဗေးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၂၈ မိနစ်တွင် ဝေနီက သွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။

ပေါ့ဗေးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ပထမအဆင့်မှစတင်ကစားခဲ့ရပြီး ပထမအဆင့်တွင် မယ်လ်ဒွန်အသင်း၊ ဒုတိယအဆင့်တွင် ဘရစ္စတိုးရိုဗာအသင်း၊ တတိယအဆင့်တွင် ဖလက်ဝုဒ်အသင်း၊ စတုတ္ထအဆင့်တွင် ဘရစ္စတိုးစီးတီးအသင်းတို့ကို အဆင့်ဆင့်ကျော်ဖြတ်နိုင်သကဲ့သို့ ပဉ္စမအဆင့်တွင်လည်း ဆန်းဒါးလန်းအသင်းကို ကျော်ဖြတ်ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ပေါ့ဗေးအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီ အင်္ဂလန်လိဂ်-၁ ပြိုင်ပွဲ၌ ၃၂ ပွဲကစားပြီးချိန်တွင် ရမှတ် ၂၇ မှတ်ဖြင့် အမှတ်ပေးဇယားအောက်ဆုံး၌ရပ်တည်နေကြောင်း သိရသည်။

*Ref;Fotmob*



# ရီးယဲလ်မက်ဒရစ်အသင်းက နယူးကာဆယ်အသင်းကွင်းလယ်ကစားသမား တိုနယ်လီအားခေါ်ယူရန် စောင့်ကြည့်လျက်ရှိ

**မက်ဒရစ် မတ် ၉**

ရီးယဲလ်မက်ဒရစ်အသင်းက နယူးကာဆယ်အသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ကွင်းလယ်ကစားသမား တိုနယ်လီအားခေါ်ယူရန် စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

တိုနယ်လီသည် ၂၀၂၃ ခုနှစ်က အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး လောင်းကစားမှုတွင်ပါဝင်ပတ်သက်မှုကြောင့် ကာလရှည်ပွဲပယ်ခံခဲ့ရသည့်အတွက် ပထမဆုံးဘောလုံးရာသီတွင် ပွဲအနည်းငယ်သာ ပါဝင်ခွင့်ရရှိခဲ့သော်လည်း နောက်ပိုင်းဘောလုံးရာသီများတွင် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနေသူဖြစ်ပြီး ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် အကောင်းဆုံးကွင်းလယ်ကစားသမားများတွင် တစ်ဦးအပါအဝင် ရပ်တည်နေသူဖြစ်သည်။

တိုနယ်လီနှင့် နယူးကာဆယ်အသင်းတို့စာချုပ်သက်တမ်းမှာ ကျန်ရှိနေသေးသော်လည်း တိုနယ်လီအနေဖြင့် နယူးကာဆယ်အသင်း လာမည့်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်နှင့်လွဲချော်မည်ဆိုပါက အသင်းမှထွက်ခွာဖွယ်ရှိသောကြောင့် အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

အစောပိုင်းကတည်းက တိုနယ်လီအား ပရီးမီးယားလိဂ်ထိပ်တန်းအသင်းကြီးများဖြစ်သည့် မန်စီးတီးအသင်း၊ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က အပြိုင်ခေါ်ယူရန်စောင့်ကြည့်လျက်ရှိနေပြီး ယခုအခါတွင်လည်း ရီးယဲလ်မက်ဒရစ်အသင်းကပါ ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို ကြီးကြီးမားမားအပြောင်းအလဲလုပ်ဆောင်ရန်ပြင်ဆင်နေပြီး လက်ရှိတွင် နယူးကာဆယ်အသင်းမှ တိုနယ်လီအပြင် မန်စီးတီးအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် ရိုဒရီကိုပါခေါ်ယူရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

*Ref;Fotmob*



တရားမဝင် သစ်များ

မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





လိုင်စင်မဲ့မော်တော်ဆိုင်ကယ်

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

● **ကျောဖုံးမှအဆက်**

ပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၈ ရက်**တွင် တပ်ကုန်းမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ်(၁ ဒသမ ၄၇၀)တန်၊ အခြားသစ်(၆ ဒသမ ၂၆၂)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၂၈၄၀)**ကိုဖမ်းဆီးရမိခဲ့ပြီးသစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၇ ရက်**တွင် ဘားအံမြို့နယ်၊ မြပြည်ကျေးရွာ၌ မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်စားသောက်ကုန်ပစ္စည်း(၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၄၅၀၀၀၀၀၀)**စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၆၃၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၂ ရက်**တွင် ပဲခူးမြို့နယ်နှင့်တောင်ငူမြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ၆၈၃)တန်၊ သစ်မာ(၁ ဒသမ ၄၁၇)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၈၂၄၁၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၂ ရက်**တွင် အောင်လံမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၄ ရက်**တွင် စဉ့်ကိုင်မြို့နယ်၊ မြစ်သားမြို့နယ်နှင့် သာစည်မြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၁၇ ဒသမ ၂၃၄)တန် (ခန့်မှန်းတန်ဖိုးငွေကျပ်၃၂၁၇၉၀၈) နှင့် လိုင်စင်ရှိ သစ်တင်မော်တော်ယာဉ် Mazada Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၂၁၇၉၀၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၆ ရက်**တွင် ပင်းတယမြို့နယ်၊ ဟော်ကုန်းရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၂၂၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀) **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၂၂၈၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၁ ရက်နှင့် ၃ ရက်**တို့တွင် ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လူသုံးကုန်ပစ္စည်း (၁)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ngwe Zin Yaw MPV Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၆၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၅၆၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၇ ရက်၊ ၂၄ ရက်၊ ၂၆ ရက်၊ ၂၈ ရက်၊ မတ်လ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၃၆၈၃၉၁၃၆၄)**ကိုဖမ်းဆီးရမိခဲ့သည်။



တရားမဝင် သစ်များ

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့မော်တော်ယာဉ် (Mitsubishi Canter 2007 Model)

ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၀ ရက်နှင့် ၂၂ ရက်**တို့တွင် ဘားအံမြို့နယ်၊ သာယာကုန်းကျေးရွာရှိ ခြံဝင်း (၁)ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၁၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄၁၉၃၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့်လူသုံးကုန်ပစ္စည်း (၁၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၅၃၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **မတ်လ ၄ ရက်**တွင် ရွှေဘိုမြို့နယ်၊ ပိတောက်ခေါင်းကျေးရွာ၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဖေဖော်ဝါရီလ ၂၅ ရက်နှင့် မတ်လ ၄ ရက်**တို့တွင် ဘီးလင်းမြို့နယ်၊ ကျိုက်မရောမြို့နယ်နှင့် ကျိုက်ထိုမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့ မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘီးလင်းမြို့နယ်၊ သကြားစက်အနီး၌ မော်တော်ယာဉ်(၂)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၄၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၉၉၇၄၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Atlas Light Truck (၁)စီး၊ Sun Win Express Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ပေါင်မြို့နယ်၊ မုတ္တမကျေးရွာ၌ မော်တော်ယာဉ် (၄)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း(၂၇)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၃)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၅၃၈၀၈၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Probox (၃)စီး၊ Mazda Bongo (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၀၇၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၈၅၁၂၀၈၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်၊ ၂၂ ရက်၊ ၂၅ ရက်နှင့် မတ်လ ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၁၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၂၆၄၂၀၈၀)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့်ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့်ထိခိုက်နစ်နာမှုများဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက်ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း **တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**မှ သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၈°C | / | ၃၇°C |
| ရန်ကုန် | ၂၀°C | / | ၃၈°C |
| မန္တလေး | ၂၀°C | / | ၃၉°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ၉-၃-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၆,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ရတနာပုံတက္ကသိုလ် (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားကျင်းပ




မန္တလေး မတ် ၉

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် သုတေသနစာတမ်းဖတ်ပွဲ၊ သွေးလှူဒါန်းပွဲ၊ ဈေးရောင်းပွဲတော်၊ ပညာရေးအထောက်အကူပြုဘာသာရပ်ဆိုင်ရာ Project Show နှင့် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင် အမရပူရခရိုင် အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ ရတနာပုံတက္ကသိုလ် အားကစားခန်းမ-၁ အတွင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားနှင့် ဂုဏ်ပြုဝမ်းမြောက်စကား ပြောကြားသည်။

ထို့နောက် တက္ကသိုလ်ကျောင်းသူများက "ပညာစုံရတနာပုံတေးသီချင်းဖြင့် ကပြဖျော်ဖြေဂါရဝပြုနှုတ်ဆက်ကြိုဆို၍ အခမ်းအနားအားဖွင့်လှစ်ခြင်း၊ ဝဏ္ဏကျော်ထင် သီရိပျံချီဦးမောင်ကိုက ဂုဏ်ပြုဝမ်းမြောက်စကားပြောကြားကာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက ရတနာပုံတက္ကသိုလ်၏ဖွံ့ဖြိုးမှုများကို တင်ပြခြင်း၊ ဂုဏ်ပြုဆုများနှင့်ထူးချွန်ဆုချီးမြှင့်ခြင်း၊ ရတနာပုံတက္ကသိုလ်၏ (၂၆)နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ် အကောင်းဆုံး (ဝိဇ္ဇာ) သုတေသနစာတမ်းဆု၊ အကောင်းဆုံး(သိပ္ပံ) သုတေသနစာတမ်းဆု၊ စာကြည့်တိုက်မှူး ဦးမောင်မောင်ဆု၊ တက္ကသိုလ်စာကြည့်တိုက်တွင် စာဖတ်အများဆုံးဆု၊ အားကစားထူးချွန်ဆုရရှိသူများနှင့် သန့်ရှင်းရေးဆုရရှိသည့် ဘာသာရပ်ဌာနများအား ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစားဒုတိယညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစားဆရာကြီးများ၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ ခရိုင်နှင့်မြို့နယ်အဆင့်များမှတာဝန်ရှိသူများက ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(၄၀၂)

# ၂၀၂၆ ခုနှစ် မတ်လ ၈ ရက်တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန် မတ် ၉

ရန်ကုန်တိုင်းဒေသကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car– (AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$) ၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့်အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုဒ် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုဒ် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုဒ် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၃ | ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index–AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့်ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# အလှခြင်းရက်သင်တန်းနှင့် Bow ကလစ်သင်တန်းဖွင့်လှစ်

ပဲခူး မတ် ၉

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဦးဆောင်မှု၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားများ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် မတ်လ ၉ ရက်နံနက်ပိုင်းက ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ လူငယ်စင်တာခန်းမ၌ အလှခြင်းရက်သင်တန်းနှင့် Bow ကလစ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ယနေ့ဖွင့်လှစ်သည့်သင်တန်းသည်ကျေးလက်နေတိုင်းရင်းသားလူမျိုးများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ မိသားစုဝင်ငွေမြင့်မားလာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊ မိမိတို့ဒေသအတွင်း တစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများကိုလုပ်ကိုင်နိုင်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ အလှခြင်းရက်နည်းသင်တန်းနှင့် Bow ကလစ်သင်တန်းသို့ တက်ရောက်ကြမည့်သင်တန်းသား၊ သင်တန်းသူများအနေဖြင့်လည်း အခြေခံကုန်ကြမ်းများကို အသုံးချပြီး ကုန်ချောထုတ်ကုန်ပစ္စည်းများကို တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုလုပ်ငန်းမှ MSME လုပ်ငန်းများဖြစ်လာသည်အထိ ဆက်လက်ကြိုးစားသွားကြရန်လိုကြောင်း၊ ခြင်းရက်လုပ်ငန်းသည် မိမိတို့ ရိုးရာယဉ်ကျေးမှုနှင့် ဆက်စပ်နေသည့် လက်မှုအတတ်ပညာတစ်ရပ်ဖြစ်ပြီး အချိန်အခါမရွေး အသုံးပြုနိုင်သည့်ပစ္စည်းများကို ထုတ်လုပ်နိုင်သည့် လုပ်ငန်းဖြစ်ကြောင်း၊ Bow ကလစ်ထုတ်လုပ်မှုသည်လည်း ယနေ့ခေတ် လူငယ်များနှင့် ကလေးသူငယ်များအကြား လိုအပ်ချက်မြင့်မားနေသည့် ပစ္စည်းများဖြစ်သဖြင့် ဈေးကွက်အလားအလာကောင်းမွန်သော လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ အလှခြင်းရက်နှင့် Bow ကလစ်သင်တန်းများသည် အရင်းအနှီးနည်းပါးသော်လည်း အကျိုးအမြတ်ရရှိနိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်နေပြီး တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးသည်လည်း နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုက်ရိုက်ဆက်နွှယ်နေသောကြောင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ တိုးတက်လာရေးတို့အတွက် ဆက်လက်ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်နှင့် အခမ်းအနားတက်ရောက်လာကြသူများက အလှခြင်းရက်နည်းသင်တန်းနှင့် Bow ကလစ်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပြသထားမှုအား ကြည့်ရှုသည်။



အဆိုပါအလှခြင်းရက်နည်းသင်တန်းနှင့် Bow ကလစ်သင်တန်းတို့ကို မတ်လ ၉ ရက်မှ ၁၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး အလှခြင်းရက်နည်းသင်တန်းတွင် တိုင်းရင်းသားသင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ ရိုးရိုးဆွဲခြင်းနှင့် အဖုံးပါဆွဲခြင်းပြုလုပ်နည်းများကိုလည်းကောင်း၊ Bow ကလစ်သင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကာ နှစ်ထပ်ဖဲပြားBow(ရိုးရိုး)၊ ပန်းပွင့်ပုံBow နှင့် နှစ်ထပ်ဖဲပြားBow(ကမာသား) ပြုလုပ်နည်းတို့ကို သင်ကြားပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**ဥဿာတိုင်းသား**


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
ပါရမီ(YBS)
09-459448201
ရွှေမန်းသူ
09-254781060
မန္တလေးအခြေစိုက်
09-426500153
တော်ဝင်
09-423333250
ပါရမီတက္ကစီ
01-3643641
ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/ မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျှက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
"မှန်သည် မြန်သည် မြဝတီ"
24 ~ (01) 2301421, 2317166
Phone No : (01) 2301367, 2301368, 2301452, 2301378
Internet & Mobile Banking Services
Account Transfer
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU
UnionPay


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်း- ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale -၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
နှင့်
MOUNT PLEASANT
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
2+1 coffee
Drip Coffee
ပင်ရင်းအရောင်း-ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ **မိမိနိုင်ငံတွင် မြေအရင်းအမြစ်၊ ရေအရင်းအမြစ်၊ သယံဇာတအရင်းအမြစ်များနှင့်လိုက်လျောညီထွေဖြစ်မည့် ရှိသင့်ရှိထိုက်သည့် လူဦးရေဖြစ်ပေါ်လာစေရန် မိမိနိုင်ငံနှင့်ကိုက်ညီသည့် လူဦးရေမူဝါဒများကိုရေးဆွဲချမှတ်ပြီး မျိုးဆက်သစ်တစ်ခုစာ ကြိုတင်မျှော်တွေးကာ ပြင်ဆင်ဆောင်ရွက်သွားရန်လို. . .**

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**




# Glan Master Futsal League II 2025 - 2026 ပြိုင်ပွဲတွင် Galaxy FC အသင်းချန်ပီယံဆုဆွတ်ခူး

ရန်ကုန် မတ် ၉

Glan Master Futsal League II 2025 – 2026 ပြိုင်ပွဲ၏ နောက်ဆုံးပွဲစဉ်များကို ယနေ့တွင် MFF Futsal Stadium ၌ကျင်းပခဲ့ပြီး ပွဲစဉ်များအားလုံးပြီးဆုံးချိန်တွင် Galaxy FC အသင်းသည် စုစုပေါင်းရမှတ် ၆၁ မှတ်ဖြင့် ဗိုလ်စွဲခဲ့ပြီး ချန်ပီယံဆုကိုဆွတ်ခူး ရရှိသွားသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဖူဆယ်နှင့်သဲသောင်ပြင် ဘောလုံးကော်မတီ ဥက္ကဋ္ဌ ဦးဇော်ဝင့်သူက ပြိုင်ပွဲတွင်တာဝန်ယူဆောင်ရွက်ခဲ့ကြသည့် ဒိုင်လူကြီးများအား အမှတ်တရဆုများပေးအပ်သည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ဘောလုံး ကော်မတီအဖွဲ့ဝင် ဒေါ်ဖြူဖြူသန့်က **စာမျက်နှာ ၁၀ ကော်လံ ၃** ■

# သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ အပြန်အလှန်သွင်းဂိုးများဖြင့် သရေကျ

ရန်ကုန် မတ် ၉

၂၀၂၅-၂၀၂၆ ရာသီ မြန်မာနေရှင်နယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂၁)၏ ပထမဆုံးပွဲစဉ်တစ်ပွဲဖြစ်သည့် သစ္စာအားမာန်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ယှဉ်ပြိုင်ကစားကြရာ အပြန်အလှန်သွင်းဂိုးများဖြင့် တစ်ဖက်နှစ်ဂိုးစီသွင်းယူကြပြီး သရေကျခဲ့ကြသည်။

သစ္စာအားမာန်အသင်းသည် အမှတ်ပေးဇယားအဆင့်(၉)တွင် ရပ်တည်နေသည့်အသင်းဖြစ်ပြီး ဒဂုံစတားယူနိုက်တက်အသင်းသည် အမှတ်ပေးဇယားအဆင့်(၃)နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။ သူတို့နှစ်သင်း ပထမအကျော့တွေ့ဆုံမှုတွင် ၂ ဂိုး ဂိုးမရှိဖြင့် ဒဂုံစတားယူနိုက်တက်အသင်းက **စာမျက်နှာ ၁၀ ကော်လံ ၁**▼



# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ **စာမျက်နှာ ၂၉ ကော်လံ ၁** ●




အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နိုင်ငံတကာသတင်း**

**အရှေ့အလယ်ပိုင်းရေးရာ**

စာ - ၂၂ သို့

**ဥရောပဒေသက ငါးနှစ်အတွင်း ကမ္ဘာ့အကြီးဆုံးလက်နက်တင်သွင်းသည့် ဒေသဖြစ်လာ**

စာ - ၂၃ သို့

